MYANMAR POLICY BRIEFING | 16 | September 2015

transnationalinstitute

# မြန်မာနိုင်ငံဆိုင်ရာ မူဝါဒရှင်းလင်းချက် (၁၆) စက်တင်ဘာ ၂၀၁၅
# မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးစုနိုင်ငံရေးနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ

## အဓိကအချက်များ


- ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတမှုရှိမည်ဆိုလျှင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုအသီးသီးအတွက် နိုင်ငံရေးဆိုင်ရာ သဘောထားများကို ထုတ်ဖော်ပြသရန်နှင့် မိမိတို့၏ မျှော်လင့်ချက်များကို ရရှိလာနိုင်စေရန်အတွက် အရေးကြီးသည့် အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။

- အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်လျှင် ဆယ်စုနှစ်များစွာ စစ်အုပ်ချုပ်ရေးစနစ်မှ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်၏ နောက်ထပ်အရေးပါလှသည့် အဆင့်တစ်ဆင့်အဖြစ် မှတ်တမ်းတင်နိုင်ပါမည်။ သို့ရာတွင် နိုင်ငံတော်၏ အနာဂတ်ကို အဆုံးအဖြတ်ပေးရာတွင် နိုင်ငံသားအားလုံးပါဝင်ရေး၊ ကိုယ်စားပြုရေးနှင့် ဒီမိုကရေစီအခွင့်အရေးများကို အာမခံချက်ပေးနိုင်ရန်အတွက် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရေးနှင့် အခြားဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ရေးတို့လည်း လိုအပ်နေပါသေးသည်။

- တိုင်းရင်းသားပါတီများအနေဖြင့် ရွေးကောက်ပွဲတွင် အမတ်နေရာများစွာ အနိုင်ရနိုင်သော်လည်း တိုင်းရင်းသား လူမျိုးစုနှင့် နိုင်ငံရေးပါတီများအကြား မဲကွဲခြင်းနှင့် လူမျိုးရေး သရုပ်လက္ခဏာနိုင်ငံရေး၏ အကျိုးဆက်ကြောင့် ရွေးကောက်ပွဲ အောင်မြင်မှုသည် မျှော်လင့်ထားသလောက် ဖြစ်မလာမည်ကို မြင်တွေ့ရနိုင်သည်။ ထိုသို့ဖြစ်မလာစေရန် နိုင်ငံရေးဆိုင်ရာ ပူးပေါင်းလုပ်ဆောင်မှုနှင့် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခြင်းဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ပါသည်။ ဒီမိုကရေစီဖြစ်စဉ်မှ တိုင်းရင်းသားလူမျိုး လူမှုအသိုင်းအဝိုင်းများအတွက် ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခွင့်ရှိစေနိုင်သည့် မျှော်လင့်ချက်တစ်ခု ပေးစွမ်းနိုင်ခြင်းမှာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် မရှိမဖြစ်လိုအပ်ပါသည်။

- မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ အခွင့်အရေးများ မျှတစွာ ခံစားနိုင်ခွင့်မရှိခဲ့ကြသည့်အတွက် မယုံကြည်မှုများရှိနေပြီး စစ်မက်ပဋိပက္ခများ နစ်ရှည်လများ ဖြစ်ပွားနေခဲ့ပါသည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှ အမျိုးသားနိုင်ငံရေးတွင် နိုင်ငံရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုမဟုတ်သည့် အားလုံးပါဝင်သည့်ခေတ်သစ်တစ်ခုကို မှတ်တမ်းတင်နိုင်ရပါမည်။ ရွေးကောက်ပွဲပြီးနောက် အားလုံးပါဝင်နိုင်သည့် နိုင်ငံတော်အဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတစ်ခုကို နိုင်ငံသားအားလုံးအတွက် နိုင်ငံရေးဆိုင်ရာ လမ်းပြမြေပုံတစ်ခုအဖြစ်ဖြင့် လွှတ်တော်ဆိုင်ရာ လုပ်ငန်းစဉ်များနှင့် တိုင်းရင်းသားများ၏ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဆွေးနွေးပွဲများကို ပေါင်းစည်းနိုင်ရန် မဖြစ်မနေ ဆက်လက်လုပ်ဆောင်ရပါမည်။


ideas into movement

# မိတ်ဆက်

*ရေရှည်တည်တံ့မည့် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး (စာချုပ်) ကို လက်မှတ်မထိုးရသေးသည့်အတွက် အရေးကြီးလှသည့် လက်ရှိလွှတ်တော်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲလုပ်ငန်းစဉ်များကို မည်သို့ ပေါင်းစပ်လုပ်ကိုင်မည်နည်းဆိုသည့် မေးခွန်းကို မဖြေဆိုနိုင်သေးချေ။*

မြန်မာနိုင်ငံ[၁]သည် အနီးကပ်စောင့်ကြည့်ခံရမည့် နိုဝင်ဘာလ ၂၀၁၅ ရွေးကောက်ပွဲသို့ ဦးတည်လျှက်ရှိသည်။ လွတ်လပ်၍ တရားမျှတမှုရှိခဲ့လျှင် လက်ရှိသြဇာအာဏာရှိနေသူများထံမှ အတိုက်အခံဖြစ်သည့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ထံသို့ အာဏာလွှဲအပ်ရမည်ကို မျှော်လင့်ကြလျှက် ရွေးကောက်ပွဲသည် နိုင်ငံ၏ နောင်အနာဂတ်နိုင်ငံရေး လမ်း ကြောင်းကို အဓိကလွှမ်းမိုးနိုင်မည့် အလားအလာရှိနေပါသည်။ ထိုအချက်များမှ မသေချာမရေရာလှသည့် တိုင်းရင်းသား လူမျိုးစုနိုင်ငံရေးအတွက် ကြီးမားသည့် အကျိုးဆက်များ ဖြစ်ထွန်းစေနိုင်ပါသည်။[၂] လက်ရှိအချိန်တွင်လည်း စစ်အာဏာရှင် စနစ်မှ အသွင်ကူးပြောင်းရေးကို ဖန်တီးပေးလိုက်သည့် နိုင်ငံရေးအခင်းအကျင်းသစ်သည် တိုင်းရင်းသားလူမျိုး ပါတီများ အား ဥပဒေပြုမှုအာဏာကို သိသိသာသာရရှိလာစေနိုင်မည်လား ဆိုသည့် အချက်မှာလည်း မရှင်းလင်းလှချေ။

ဆယ်စုနှစ်များစွာ ပြည်တွင်းစစ်နှင့် စစ်အုပ်ချုပ်ရေးလက်အောက်နေထိုင်ခဲ့ကြပြီးနောက် ၂၀၁၁ ခုနှစ် မတ်လတွင် အာဏာ ရယူခဲ့သည့် သမ္မတဦးသိန်းစိန်အစိုးရလက်ထက်တွင် ပိုမိုကျယ်ပြန့်သည့် နိုင်ငံရေးဆိုင်ရာ လွတ်လပ်မှုများနှင့် တိုင်းရင်း သားများနှင့်ငြိမ်းချမ်းရေးဆွေးနွေးခဲ့သည့် အရေးကြီးသည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တစ်ခုကို စတင်ခဲ့ပါသည်။ ယခု အချိန်အထိ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနေကြဆဲဖြစ်ပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားပေါင်းစုံ၏ နိုင်ငံရေးအခင်းအကျင်းမျိုးစုံ၊ နိုင်ငံရေးဆိုင်ရာလိုအပ်ချက်များနှင့် ပြည်သူများ၏ လိုလားချက် များကို ကိုယ်စားပြုပေးနိုင်သည့် အရေးပါသည့်အခွင့်အလမ်းတစ်ခုပင်ဖြစ်သည်။ ၂၀၁၀ ခုနှစ်တွင် ကျင်းပခဲ့သည့် အားနည်းချက်များစွာနှင့် ရွေးကောက်ပွဲကဲ့သို့မဟုတ်ဘဲ မဲပေးသည့်လုပ်ငန်းစဉ်တွင် မသမာသည့် နည်းလမ်းများကို သိသိ သာသာမလုပ်ခဲ့လျှင် ယခုအကြိမ်ရွေးကောက်ပွဲသည် ယုံကြည်မှုပိုမိုရရှိနိုင်မည်ဟု မျှော်လင့်မိ ပါသည်။

တိုင်းရင်းသားလူမျိုးစုများ၏ ကြိုးပမ်းလှုပ်ရှားမှုများသည် ရွေးကောက်ပွဲများအတွက် ပြင်ဆင်ရာတွင် စိန်ခေါ်မှုများစွာနှင့် ကြုံတွေ့ကြရပါသည်။ ယင်းစိန်ခေါ်မှုများမှာ နိုင်ငံတဝှမ်းလုံးတွင် လူကြိုက်များသည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ ပြိုင်ဆိုင်မှု၊ တိုင်းရင်းသားပါတီများအတွင်း မဲကွဲနိုင်သည့်အလားအလာများရှိခြင်း၊ လွှတ်တော်တွင် အပြောင်းအလဲ ကြီးကြီးမားမားပြုလုပ်နိုင်ရန် လုံလောက်သည့် အမတ်နေရာရရှိနိုင်ရန် ခက်ခဲခြင်း၊ အဖွဲ့အစည်းပိုင်းဆိုင်ရာ အားနည်းမှုများ၊ မတူညီသည့်ပန်းတိုင်များနှင့် ဦးစားပေးစဉ်းစားမှုများနှင့် စစ်တပ် (တပ်မတော်) မှ အဓိက လွှမ်းမိုးထားသည့် နိုင်ငံရေးစနစ် တစ်ခုတွင် မည်ရွေ့မည်မျှ ပါဝင်ပူးပေါင်းလုပ်ဆောင်ကြမည်ဆိုသည့် အချက်နှင့်ပတ်သက်သည့် သဘောထားကွဲလွဲမှုများ စသည်တို့ဖြစ်ကြပါသည်။

နယ်စပ်ဒေသများရှိ နေရာဒေသ အတော်များများတွင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး ပြည်သူလူထုအားလုံး မဲပေးခွင့်ရရှိနိုင်ရန် အလားအလာ မရှိလှချေ။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ရေရှည် တည်တံ့မည့် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး (စာချုပ်)ကို လက်မှတ်မထိုးရသေးသည့်အတွက် အရေးကြီးလှသည့် လက်ရှိလွှတ်တော်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲလုပ်ငန်းစဉ်များကို မည်သို့ပေါင်းစပ်လုပ်ကိုင်မည်နည်းဆိုသည့် မေးခွန်းကို မဖြေဆိုနိုင်သေးချေ။ လက်ရှိအချိန်တွင် နိုင်ငံရေးပါတီများသည် တိုင်းရင်းသားများနှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများတွင် ပါဝင်မှုမရှိသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည်လည်း အစိုးရရုံးစိုက်ရာမြို့တော်ဖြစ်သည့် နေပြည်တော်ရှိ ဥပဒေပြုလွှတ်တော်မှချမှတ်သည့် ဥပဒေများနှင့်ပတ်သက်ပြီး ဝေဖန်အကြံပေးနိုင်ခြင်းမရှိချေ။

ရွေးကောက်ပွဲရက် နီးကပ်လာသည်နှင့်အမျှ သမိုင်းအထောက်အထားများအရ သတိပေးစရာ အချက်များစွာ ရှိနေပါသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကျင့်သုံးခဲ့သည့် ၁၉၅၀ ခုနှစ်များအတွင်းတွင် ဗမာလူမျိုးအများစု၏ ထောက်ခံမှုကို ရယူနိုင်ခဲ့သည့် အင်အားကြီး အမျိုးသားနိုင်ငံရေးပါတီ၏ ဩဇာလွှမ်းမိုးမှုကြောင့် တိုင်းရင်းသားလူနည်းစု၏ ကိုယ်စားပြုမှုကို လျစ်လျူရှုခဲ့သည်ဟု ထင်မြင်ယူဆချက်ဖြင့် လက်နက်ကိုင်ပဋိပက္ခကို စတင်စေခဲ့သည့်ကာလဟုလည်း သတ်မှတ်ခဲ့ကြပါသည်။[၇] ၂၀၁၅ ခုနှစ်တွင် ထိုအတွေ့အကြုံမျိုး ထပ်မံဖြစ်ပေါ်ခဲ့ပါက လွှတ်တော်တွင်း နိုင်ငံရေးသည် လူဦးရေစုစုပေါင်း၏ သုံးပုံ တစ်ပုံခန့် ဖြစ်သည့် တိုင်းရင်းသားများ၏ မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့်လမ်းစဉ်ဖြစ်သည်ဟု သူတို့အနေဖြင့် ယုံကြည်နိုင်ရန် ခက်ခဲပါလိမ့်မည်။

ထိုကဲ့သို့သော စိုးရိမ်ပူပန်မှုများရှိကြသော်လည်း ဒီမိုကရေစီအပြောင်းအလဲတွင် ပါဝင်လိုသည့်ဆန္ဒမှာ ကြီးမားကြသည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီ ၉၁ ပါတီအနက် ၅၉ ပါတီသည် လူနည်းစု တိုင်းရင်းသား သို့မဟုတ် လူနည်းစုဘာသာရေး ကိုးကွယ်သူများကို ကိုယ်စားပြုသည့် နိုင်ငံရေးပါတီများ ဖြစ်ကြသည် (ပုံစံကွက် ၃ တွင် ကြည့်ပါ။)။ အမျိုးသားနိုင်ငံရေးတွင် အရေးပါလှသည့်ကာလနှင့် နီးကပ်လာသည်မှာ သိသာထင်ရှားလှပါသည်။ လာမည့်လများအတွင်းတွင် အထွေထွေရွေးကောက်ပွဲရလဒ်နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ က မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး အနာဂတ်ကို များစွာပုံဖော်ပေးပါလိမ့်မည်။

ထို့ကြောင့် ဤအစီရင်ခံစာတွင် ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၀ ရွေးကောက်ပွဲကာလမှစ၍ ငါးနှစ်တာကာလအတွင်းတွင်  တိုင်းရင်းသားလူမျိုးစု၏ ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးသမိုင်းကို ပြန်လည်စဉ်းစား ဖော်ထုတ်ထားပါသည်။ ထို့နောက် နိဝင်ဘာလတွင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် အုပ်ချုပ်ရေးဆိုင်ရာမူဘောင်ကို အကဲဖြတ်ထားပြီး၊ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းရင်းသားပါတီများနှင့် ယင်းတို့ရင်ဆိုင်နေရသည့် အဓိကအခက်အခဲများနှင့် စိန်ခေါ်မှုများအပြင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတွင် တိုင်းရင်းသားလူမျိုးစုနိုင်ငံရေးအတွက် ဖြစ်လာနိုင်သည့် အခြေအနေများကို သုံးသပ်ထားပါသည်။

တိုင်းရင်းသားလူမျိုးစုများအပေါ် အခြေခံထားသည့် ပါတီများသည် လွှတ်တော်တွင် မဲအများအပြားနှင့် လွှတ်တော်အမတ်နေရာများရရှိရန် အလားအလာရှိနေသော်လည်း နေပြည်တော်ရှိ ပြည်ထောင်စုပါလီမန် သို့မဟုတ် တိုင်းရင်းသားလူမျိုးစုများနေထိုင်သည့် ပြည်နယ်များတွင် သိသာထင်ရှားသည့် အကျိုးဆက်တစ်ခုဖြစ်စေရန် လုံလောက်သည့် အတိုင်းအတာတစ်ခုအထိ ရရှိနိုင်မည့်အလားအလာ အလွန်နည်းနေသည်ဟု ဤအစီရင်ခံစာမှ အဆုံးသတ်နိဂုံးချုပ်ထားသည်။ အကယ်၍ တိုင်းရင်းသားပါတီများပူးပေါင်းခဲ့လျှင် သို့မဟုတ် ယှဉ်ပြိုင်အရွေးမခံကြရန် သဘောတူခဲ့လျှင် တစ်မဲသာ အနိုင်ယူသည့် ရွေးကောက်ပွဲစနစ်တွင် ယင်းတို့ရရှိနိုင်သည့် လွှတ်တော်အမတ်နေရာ ပိုမိုများပြားနိုင်မည်ဖြစ်သည်။ သို့သော် နိုင်ငံတော်အဆင့် နိုင်ငံရေးအဖွဲ့အစည်းများတွင် တိုင်းရင်းသားလူမျိုးစု အမျိုးမျိုး၏ မျှော်မှန်းချက်များနှင့် အခွင့်အရေးများကို ထိထိရောက်ရောက် ကိုယ်စားပြု တင်ပြနိုင်ခြင်းမပြုလုပ်မီ အခြားဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးနှင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးတို့ ဖြစ်ထွန်းရန်လည်း လိုအပ်နေပါသေးသည်။

## ပြီးခဲ့သည့်ရွေးကောက်ပွဲများ

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသည် ဆယ်စုနှစ်များစွာအတွင်း မြန်မာနိုင်ငံတွင် ပထမဆုံး ကျယ်ကျယ်ပြန့်ပြန့်နှင့် လက်ခံယုံကြည်နိုင်သည့် ရွေးကောက်ပွဲဖြစ်စေရန် ပုံဖော်လျှက်ရှိပါသည်။ ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးနောက် စစ်အစိုးရတက်လာခဲ့ပြီး ရွေးကောက်တင်မြှောက်သည့်ပုံစံနှင့် နိုင်ငံရေးစနစ်မရှိခဲ့ချေ။ ၁၉၇၄ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲအပြီး ဗိုလ်ချုပ်နေဝင်း၏ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (BSPP) လက်ထက်တွင် တစ်ပါတီအစိုးရစနစ်ဖြင့် အုပ်ချုပ်ခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးကောင်စီ (SLORC- နောက်ပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာ

ရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ- SPDC) လက်ထက် ၁၉၉၀ ခုနှစ် မေလတွင် ပါတီစုံရွေးကောက်ပွဲကို ကျင်းပခဲ့ပါသည်။ NLD အနိုင်ရရှိခဲ့သော်လည်း ရလဒ်ကို အသိအမှတ်ပြုခြင်းမရှိခဲ့ချေ။

၂၀၁၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများကဲ့သို့ မဟုတ်ဘဲ ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ်ကို အခြေခံပြီး အစိုးရသစ်တစ်ခုဖွဲ့စည်း မပေးခဲ့ချေ။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (SLORC) သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတစ်ခုမရှိဘဲ အာဏာမလွှဲပြောင်းပေးနိုင်ဟု ကြေညာခဲ့ပြီး စည်းမျဉ်းဥပဒေများချမှတ်၍ ယင်းတို့အပေါ် အခြေခံသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်တစ်ခုရေးဆွဲရန် အမျိုးသားညီလာခံတစ်ခုကို ခေါ်ယူခဲ့သည်။ စစ်အစိုးရမှ ခန့်အပ်ထားသူအများစုပါဝင်သည့် အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ်တွင် စတင်ခဲ့ပြီး ၁၅ နှစ်ကြာအောင် အချိန်ဆွဲ ရေးဆွဲခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို ၂၀၀၈ ခုနှစ် မေလ တွင် အငြင်းပွားဖွယ်ရာ ဆန္ဒခံယူပွဲတစ်ခုဖြင့် အတည် ပြုပြဋ္ဌာန်းခဲ့ပါသည်။[၆]

*၁၉၉၀ ခုနှစ် ရွေးကောက်ပွဲစည်းရုံးလှုံ့ဆော်မှုတွင် ရေပန်းစားခဲ့သည့် အကြောင်းအရာများမှာ NLD မှ က ရေကွေးကြော်ခဲ့သည့် စစ်အာဏာရှင်စနစ် နှင့် စီးပွားရေး ချွတ်ခြုံကျမှုများကို အဆုံးသတ်စေမည့် "ဒီမိုကရေစီ စနစ်” နှင့် ယခင်က ရရှိခဲ့ဖူးသော လွတ်လပ်ရေးရယူစဉ်က အာမခံထားခဲ့သည့် တိုင်းရင်းသားလူနည်းစုများအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပိုမိုရရှိစေနိုင်မည့် "တိုင်းရင်းသား အခွင့်အရေးများ” တို့ဖြစ်ပါသည်။*

၁၉၉၀ ခုနှစ် ရွေးကောက်ပွဲကို မဲဆန္ဒနယ် ၄၈၅ ခုဖြင့် ကျင်းပခဲ့ပါသည်။ ထိုအချိန်က နယ်စပ်ဒေသအများစုတွင် ပဋိပက္ခများရှိနေခဲ့ပြီး ရွေးကောက်ပွဲများမကျင်းပနိုင်ခဲ့ချေ။ ပါတီပေါင်း ၉၃ ပါတီ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး တစ်ဝက်နီးပါးမှာ တိုင်းရင်းသားပါတီများ ဖြစ်ကြပါသည်။ ယင်းအချက်က နိုင်ငံ၏ မတူကွဲပြားသည့်တိုင်းရင်းသားအမျိုးမျိုးနှင့် တိုင်းရင်းသား လူမျိုးစုသရုပ်လက္ခဏာကိုအခြေခံသည့် နိုင်ငံရေး သို့မဟုတ် “လူမျိုးရေးအပေါ်အခြေခံသည့်နိုင်ငံရေး”[၇] (“politicized ethnicity”) ၏ ဩဇာလွှမ်းမိုးမှုတို့ကို ထင်ဟပ်နေစေခဲ့ပါသည်။ ထိုသို့အားဖြင့် ပါတီများကို မူဝါဒများအပေါ်အခြေခံထားခြင်းမဟုတ်ဘဲ တိုင်းရင်းသားလူမျိုးစု သရုပ်လက္ခဏာများအပေါ် အခြေခံဖွဲ့စည်းခဲ့ကြပြီး လူထုမှလည်း ယင်းအချက်အပေါ်အခြေခံပြီး မဲပေး ခဲ့ကြပါသည်။ တိုင်းရင်းသားပါတီများမှ ၇၁ နေရာ (၁၅ ရာခိုင်နှုန်း) အနိုင်ရရှိခဲ့ပြီး ထိုနေရာများသည် NLD မှ အနိုင်မရခဲ့သည့် (၃၉၂ နေရာ သို့မဟုတ် ၈၁ ရာခိုင်နှုန်း) အားလုံးနီးပါးကို ကိုယ်စားပြုသည်။

ဥပမာအားဖြင့် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (SNLD) သည် NLD ပြီးနောက် ၂၃ နေရာဖြင့် မဲအများဆုံး အနိုင်ရရှိခဲ့သည်။ ဆန့်ကျင်ဘက်အနေဖြင့် နေဝင်း၏ မဆလပါတီကို ဆက်ခံသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (NUP) မှ တစ်နိုင်ငံလုံးမဲအရေအတွက်၏ ၂၀ ရာခိုင်နှုန်းကျော် ကို ရရှိခဲ့သော်လည်း ၁၀ နေရာအတွက်သာ အနိုင်ရခဲ့သည် (NLD မှ အနိုင်မဲ၏ ၅၉.၈၇ ရာခိုင်နှုန်းကိုရရှိခဲ့သည်)။ ထိုကဲ့သို့သော မညီမျှသည့်ရလဒ်များကို တစ်မဲသာအနိုင်ယူသည့် ရွေးကောက်ပွဲစနစ် အသုံးပြုသည့် ပါတီစုံရွေးကောက်ပွဲများတွင် အမြဲတွေ့ရှိရတတ်ပါသည်။

၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ စည်းရုံးလှုံ့ဆော်မှုတွင် ရေပန်းစားခဲ့သည့် အကြောင်းအရာနှစ်ခုမှာ NLD မှ ကြွေးကြော်ခဲ့သည့် စစ်အာဏာရှင်စနစ်နှင့် စီးပွားရေး ချွတ်ခြုံကျမှုများကို အဆုံးသတ်စေမည့် “ဒီမိုကရေစီ စနစ်” နှင့် ယခင်ကရရှိခဲ့ဖူးသော လွတ်လပ်ရေးရယူစဉ်က အာမခံထားခဲ့သည့် တိုင်းရင်းသားလူနည်းစုများအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပိုမိုရရှိစေနိုင်မည့် “တိုင်းရင်းသား အခွင့်အရေးများ” တို့ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများအလိုက် ပါတီများကွဲပြားခဲ့ကြသော်လည်း စစ်တပ်နှင့်နီးစပ်သည့် တစည (NUP) ပါတီကို ဆန့်ကျင်သည့် ညီညွတ်သောမဟာမိတ်တစ်ခုရှိရန်လိုအပ်သည်ကို အသိအမှတ်ပြုခဲ့ကြပါသည်။ ထို့ကြောင့် ၁၉၈၉ ခုနှစ် တွင် ပါတီ ၂၁ ပါတီ စုပေါင်းသည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) မဟာမိတ် အဖွဲ့တခုကို ဒီမိုကရေစီနှင့် တိုင်းရင်းသားလူမျိုးစုများ၏ အခွင့်အရေးအတွက် စုပေါင်းပြီး ဖိအားပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ကြ

ပါသည်။ ရွေးကောက်ပွဲအပြီးမကြာမီတွင် UNLD မှ ဒီမိုကရေစီနည်းကျသည့် ဖက်ဒရယ်နိုင်ငံ တစ်နိုင်ငံတည်ထောင်ရန် NLD နှင့် ပူးတွဲနိုင်ငံရေးပဋိညာဉ်တစ်ခုကို သဘောတူခဲ့ကြပါသည်။[၆] ၁၉၉၂ ခုနှစ် မတ်လတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ UNLD ကို မှတ်ပုံတင်ပယ်ဖျက်ခဲ့သော်လည်း ညီညွတ်သော မဟာမိတ် နည်းဗျူဟာလုပ်ငန်းစဉ်များကို အဆုံးမသတ်စေခဲ့ချေ။ ၁၉၉၈ ခုနှစ်တွင် တိုင်းရင်းသားလူမျိုးစု ပါတီများစွာသည် NLD နှင့်ပူးပေါင်းပြီး ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP) ကိုဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် ၂၀၀၂ ခုနှစ် ဇူလိုင်လတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြား မည်သည့်နိုင်ငံရေးဆွေးနွေးချက်တွင်မဆို တိုင်းရင်းသားများ၏ အသံပါဝင်နိုင်စေရန်နှင့် ဗမာလူမျိုးမဟုတ်သည့် အုပ်စုများ၏ နိုင်ငံရေးရေချိန်မြင့်တင်နိုင်စေရန် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် တိုင်းရင်းသား ပါတီ ၈ ပါတီမှ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ် (UNA) ကို ဖွဲ့စည်းခဲ့သည်။ ယင်းဦးတည်လုပ်ဆောင်ချက်များမှာ နောက်ဆုံးတွင် မအောင်မြင်ဘဲ အဆုံးသတ်ခဲ့ရသည်။[၇]

၂၀၁၀ ခုနှစ် နိုဝင်ဘာလ အထွေထွေရွေးကောက်ပွဲလည်း အငြင်းပွားမှုများရှိခဲ့ပြီး ဤအကြိမ်တွင် NLD နှင့် UNA အဖွဲ့ဝင် ပါတီများမှ သပိတ်မှောက်ခဲ့ကြပါသည်။[၈] ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်ထောင်စု လွှတ်တော်နှစ်ရပ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် ၁၄ ခု တို့ကို စတင်မိတ်ဆက်ပေးခဲ့သည့်အတွက် ရွေးကောက်ပွဲတွင် မဲဆန္ဒနယ် ၁၁၅၄ နယ် ရှိပါသည်။[၉] ယခုတကြိမ်တွင်လည်း စစ်မက်ပဋိပက္ခဖြစ်ပွားနေသည့် နယ်စပ်ဒေသများတွင် မဲဆန္ဒပေးနိုင်ခြင်း မရှိ ခဲ့သော်လည်း ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကာလထက် လျော့ကျလာသည်။

NLD မှ သပိတ်မှောက်ခဲ့သဖြင့် တိုင်းရင်းသားလူမျိုးစုပါတီများ၏ အဓိကပြိုင်ဖက်သည် ၁၉၉၃ ခုနှစ်တွင် စစ်အစိုးရမှ မျိုးချစ် လူထုအဖွဲ့အစည်းအဖြစ် လက်ဦးပထမဖွဲ့စည်းခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဖြစ်ပြီး NLD မပါဝင်သဖြင့် မဲအများစုကို ရရှိခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ နိုင်ငံအဝှမ်းတွင် တိုင်းရင်းသားပါတီများ၏ ထင်ရှားမှုနှင့် အောင်မြင်မှုနှုန်း မှာ ယခင်တစ်ကြိမ်ကအတိုင်းပင် ဖြစ်ခဲ့ပါသည် (ပုံစံကွက် ၁ ကိုကြည့်ပါ။)။ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ပါတီ ၃၇ ပါတီအနက် ၆၀ ရာခိုင်နှုန်းသည် တိုင်းရင်းသားလူမျိုးအပေါ် အခြေခံသည့် ပါတီများဖြစ်ကြပြီး အမတ်နေရာ ၁၈၀ နေရာ (စုစုပေါင်းအရေအတွက်၏ ၁၈ ရာခိုင်နှုန်း) အနိုင်ရရှိခဲ့သည်။ ရွေးကောက်တင်မြှောက်ခံရသည့်နေရာများအပြင် တပ်မတော်၏ အမျိုးသားနိုင်ငံရေး တွင် "ဦးဆောင်မှုအခန်းကဏ္ဍ" မှပါဝင်မှုဟု ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အပိုဒ်များစွာတွင် ပြဋ္ဌာန်းထားသည့်အတိုင်း စုစုပေါင်းအမတ်နေရာ၏ ၂၅ ရာခိုင်နှုန်းကို တပ်မတော်အရာရှိများက ရယူခဲ့ပါသည်။

၁၉၉၀ ခုနှစ် ကဲ့သို့မဟုတ်ဘဲ ရွေးကောက်ပွဲမတိုင်ခင်တွင် တိုင်းရင်းသားလူမျိုးစု မဟာမိတ်အဖွဲ့များ ဖွဲ့စည်းခြင်းမရှိခဲ့ချေ။ UNA ရှိနေဆဲဖြစ်သော်လည်း NLD ကဲ့သို့ပင် ယင်းအဖွဲ့၏ အဖွဲ့ဝင်များအားလုံးသည်လည်း ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ကြပါသည်။ (၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲခဲ့သည့် အမျိုးသားညီလာခံ နောက်ပိုင်းကာလများကိုလည်း အလားတူသပိတ်မှောက်ခဲ့ကြပါသည်။) တိကျစွာဆိုရလျှင် ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ရန် တိုင်းရင်းသားလူမျိုးစုပါတီသစ်များ ဖွဲ့စည်းပေါ်ပေါက်လာခဲ့သည်။ ရွေးကောက်ပွဲအပြီးတွင် အောင်ပွဲရပါတီများက တိုင်းရင်းသားလူမျိုးစု မဟာမိတ်အဖွဲ့ နှစ်ဖွဲ့ဖြစ်သော အဖွဲ့ဝင်တိုင်းရင်းသားပါတီ ၂၃ ပါတီ ပါဝင်သည့် တိုင်းရင်းသား ညီနောင်များမဟာမိတ်အဖွဲ့ (Nationalities Brotherhood Federation – NBF ကို ဇန်နဝါရီလ ၂၀၁၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်)[၁၀] နှင့် တိုင်းရင်းသားလူမျိုးစုနှင့် ဒီမိုကရေစီအင်အားစုပါတီငယ် ၁၀ ပါတီဖြင့် ဖွဲ့စည်းထားသည့် ဖက်ဒရယ်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (Federal Democratic Alliances-FDA ကို ဇန်နဝါရီလ ၂၀၁၄ ခုနှစ်တွင်ဖွဲ့စည်းခဲ့သည်)[၁၁] တို့ဖြစ်သည်။ စတင်တည်ထောင်ခဲ့စဉ်မှစပြီး တိုင်းရင်းသားညီနောင်များ မဟာမိတ်အဖွဲ့သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေး နှင့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများအပါအဝင် လတ်တလောဖြစ်ပျက်နေသည့် နိုင်ငံရေးကိစ္စရပ်များနှင့်ပတ်သက်၍ ပုံမှန် သဘောထားကြေငြာချက်များထုတ်ပြန်ပြီး အထူးပြောဆို ဝေဖန်မှုများ ပြုလုပ်နေခဲ့ပါသည်။

ပုံစံကွက် ၁။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲရလဒ်များ၊ စုစုပေါင်း အမတ်နေရာများအနက်မှ အနိုင်ရသည့် နေရာပေါင်း (တိုင်းရင်းသားပါတီများကို စာလုံးနက်ဖြင့် ပြထားသည်။)

| | |
|---|---|
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၈၃ |
| တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၂ |
| **ရှမ်းအမျိုးသားများဒီမိုကရက်တစ်ပါတီ** | **၅၇** |
| **ရခိုင်တိုင်းရင်းသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ** | **၃၅** |
| **မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ** | **၁၆** |
| အမျိုးသားဒီမိုကရေစီအင်အားစု | ၁၆ |
| **ချင်းတိုးတက်ရေးပါတီ** | **၁၂** |
| **ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ** | **၉** |
| **ကရင်လူမျိုးများပါတီ** | **၆** |
| **တအာင်း (ပလောင်)တိုင်းရင်းသားပါတီ** | **၆** |
| **ဝဒီမိုကရက်တစ်ပါတီ** | **၆** |
| **အင်းတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ** | **၄** |
| **ကချင်ပြည်နယ် ညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ** | **၄** |
| ဒီမိုကရက်တစ်ပါတီ (မြန်မာနိုင်ငံ) | ၃ |
| **ကယန်းတိုင်းရင်းသားပါတ** | **၂** |
| **ကရင်ပြည်နယ်ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ** | **၂** |
| ၈၈မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) | ၁ |
| **တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးပါတီ** | **၁** |
| **လားဟူတိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** | **၁-** |

၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် NLD ပါဝင်ခဲ့ပြီး၊ ယေဘုယျအားဖြင့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲထက် ပို၍ လက်ခံ ယုံကြည်နိုင်သည်ဟုသတ်မှတ်ခဲ့ကြပါသော်လည်း တနိုင်ငံလုံးအတိုင်းအတာဖြင့် နေရာအနည်းငယ်သာ ဖြစ်ခဲ့သည်။[၁၂] လစ်လပ်နေသည့် အမတ်နေရာ ၄၅ နေရာအတွက် NLD မှ ၄၃ နေရာ အနိုင်ရခဲ့ပြီး လုံခြုံရေးအခြေအနေကြောင့် ကချင်ပြည်နယ်အတွင်းရှိ အမတ်နေရာ ၃ နေရာအတွက် ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့ချေ။ ရွေးကောက်ပွဲကျင်းပသည့် နေရာအနည်းငယ်ပင်ဖြစ်သော်ငြားလည်း ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကို ရှုံးနိမ့်စေခဲ့ပြီး အမျိုးသားနိုင်ငံရေးစင်မြင့်ပေါ်သို့ ရွေးကောက်ပွဲဝင်ပါတီအဖြစ်ဖြင့် NLD ပြန်လည်ဝင်ရောက်လာခဲ့သည့် ရလဒ်မှာ ထင်ရှားလျှက်ရှိပါသည်။ ရာစုနှစ်တဝက်မျှ ကြာပြီးနောက် နိုင်ငံတွင် စစ်မှန်သည့်ပါတီစုံရွေးကောက်ပွဲ ပြန်လည်ပေါ်ပေါက်လာခဲ့ဟန် ရှိခဲ့ပါသည်။

## ၂၀၁၀ ခုနှစ်မှ ယနေ့တိုင် တိုင်းရင်းသားနိုင်ငံရေး

၂၀၁၀ ခုနှစ် ရွေးကောက်ပွဲတွင် အားနည်းချက်များ ဆိုးဆိုးရွားရွားရှိနေခဲ့ပြီး ပြည်ခိုင်ဖြိုးပါတီမှ ကြီးစိုးခဲ့သော်လည်း မဲရေတွက်ပုံနည်းလမ်းများအပေါ် စိုးရိမ်မကင်းဖြစ်ခဲ့သည့်ကိစ္စများအကြားမှပင် တိုင်းရင်းသားလူမျိုးစုပါတီများစွာအနေဖြင့် အောင်မြင်မှုအချို့ ရရှိခဲ့ပါသည်။ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (SNDP) သည် (ပြည်ခိုင်ဖြိုးပါတီ နှင့်တစည ပါတီ ပြီးနောက်) တတိယမဲအများဆုံးရရှိခဲ့သည့် ပါတီဖြစ်ခဲ့ပြီး ရခိုင်အမျိုးသားများတိုးတက်ရေးပါတီ (RNDP) သည် ပြည်ခိုင်ဖြိုး ပါတီထက်ပင် ရခိုင်ပြည်နယ် လွှတ်တော်အတွက် မဲအများဆုံးရရှိခဲ့ပါသည်။ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ပြည်ခိုင်ဖြိုးပါတီသည် အကြီးဆုံးဖြစ်ပြီး လွှတ်တော်တွင် အမတ်နေရာ၏ ၂၅ ရာခိုင်နှုန်းကို တပ်မတော်သားကိုယ်စားလှယ်များအတွက်လည်း ထပ်မံပေးထားရပါသည်။ မည်သို့ပင်ဖြစ်စေကာမူ မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးစု

များစွာ၏ လှုပ်ရှား ဆောင်ရွက်မှု အခြေအနေကိုကြည့်လျှင် ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် ပါတီ ၂၁ ပါတီအနက် ၁၆ ပါတီသည် တိုင်းရင်းသားလူမျိုးစု ပါတီများဖြစ်ပါသည်။[၁၃] ရွေးကောက်ပွဲကိုယ်စားပြုမှု၏ ချွင်းချက်များမှာ ကချင် တိုင်းရင်းသားများ၏ အရေးပါသည့်ပါတီများကို မှတ်ပုံတင်ခွင့်မပေးခဲ့ခြင်းနှင့် မှတ်ပုံတင်ခြင်းမပြုရန် ဖိအားပေးခြင်းခံခဲ့ရ ဖွယ်ရှိသည့် ကယား (ကရင်နီ) ပါတီ တို့ဖြစ်ကြသည်။[၁၄]

*ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များနှင့် အစိုးရများ၏ အခန်းကဏ္ဍတစ်ခုလုံးကိုကြည့်လျှင် ကန့်သတ်မှုများ ရှိနေပြီး လက်ရှိအချိန်တွင် တိုင်းရင်းသား လူမျိုးစု နိုင်ငံရေးစနစ်သစ်မှာ အလွန်သက်တမ်းနုနယ်နေပါသေးသည်။*

ပြည်ထောင်စုအဆင့်တွင် တိုင်းရင်းသားလူမျိုးစုပါတီများအနိုင်ရသည့် အမတ်နေရာစုစုပေါင်းမှာ ပြည်ခိုင်ဖြိုးပါတီနှင့် တပ်မတော်သား ကိုယ်စားလှယ်များအတွက် ပေးထားသည့်အမတ်နေရာများနှင့် နှိုင်းစာကြည့်လျှင် အလွန်ပင်နည်းလှပါ သည်။ သို့ရာတွင် ၁၉၆၂ ခုနှစ် အာဏာသိမ်းမှုကတည်းက သမ္မတဦးသိန်းစိန် အစိုးရတက်လာပြီး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် စတင်လုပ်ကိုင်ခဲ့သော ၂၀၁၁ ခုနှစ်တွင် တိုင်းရင်းသားလူမျိုးစု အများအပြားသည် တရားဝင်နိုင်ငံရေးတွင် အခန်းကဏ္ဍတစ်ခုမှပါဝင်ခွင့်နှင့် လွှတ်တော်တွင် ပြောဆိုနိုင်ခွင့်ကို ပထမဆုံးအကြိမ် ရရှိခဲ့ပါသည်။

အပေါ်ယံအားဖြင့် နိုင်ငံရေး-ရွေးကောက်ပွဲမြေပုံကို ၁၉၇၄ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအတိုင်း တိုင်းရင်းသားလူမျိုးစု ပြည်နယ် (၇) ခု (ချင်း၊ကချင်၊ကရင်၊ကယား၊မွန်၊ရခိုင်နှင့်ရှမ်း) နှင့် လူများစုဖြစ်သော ဗမာများ အများဆုံး နေထိုင်သည့် (၇) ဒေသ (ယခင် တိုင်းများ) ဟူ၍သတ်မှတ်ထားသည်။ ဤနယ်မြေခွဲခြားသတ်မှတ်မှုကို အခြေခံလျှက် တိုင်းရင်းသားပါတီများ သည် တိုင်းရင်းသားပြည်နယ် (၇) ခုတွင် အမတ်နေရာများစွာရရှိခဲ့ပြီး တိုင်းရင်းသားရေးရာဝန်ကြီး အသစ်နေရာများအပြင် တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ် ၁၄ ဦးကို ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည် (အောက်တွင်ကြည့် ပါ)။[၁၅] သို့ရာတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေထိုင်ကြသော ကရင်လူမျိုးများ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင်နေထိုင်သော နာဂလူမျိုးများကဲ့သို့သော အချို့တိုင်းဒေသကြီးများ၏ လူဦးရေကွဲပြားမှုနှင့် နိုင်ငံရေးဆိုင်ရာ တောင်းဆိုမှုများမှာ လက်တွေ့တွင် ပိုမိုရှုပ်ထွေးလှပါသည်။ တိုင်းရင်းသားပြည်နယ်အများစုရှိ မြို့ပြဒေသ များတွင်လည်း ဗမာလူမျိုးများ သိသာစွာ များပြားလှပါသည်။

ဤကဲ့သို့ လူမျိုးစုများ ပြန့်ကျဲများပြားနေသည့် အခြေအနေအချို့ကို ကိုင်တွယ်ဖြေရှင်းရန် ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှ မတူကွဲပြားသော တိုင်းရင်းသားလူမျိုးစုများ အမျိုးသားနိုင်ငံရေးတွင် ပိုမိုပါဝင်လာနိုင်စေရန် လူမျိုးစု ကိုယ်စားလှယ် ၂၉ ဦးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသစ် ၆ ဒေသစသည့် ကြံဆဖြေရှင်းချက်နှစ်ခုကို ထည့်သွင်း မိတ်ဆက်ဖော်ပြခဲ့ပါသည်။ တိုင်းရင်းသားလူမျိုးစုများ၏ သွင်ပြင်လက္ခဏာများကို လက်ရှိနိုင်ငံရေးမြေပုံတွင် ပုံစံလေးမျိုး ဖြင့် ကိုယ်စားပြုနေခြင်းဖြစ်သည်။ ယင်းတို့မှာ တိုင်းရင်းသားပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ တိုင်းရင်းသား လူမျိုး အမတ်နေရာများနှင့် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အတွက် တိုင်းရင်းသားပါတီများမှ အနိုင်ရသည့် မဲဆန္ဒနယ်မြေများဟူ၍ဖြစ်ပါသည်။

နိုင်ငံရေးဆိုင်ရာ နယ်မြေပိုင်းခြားသတ်မှတ်မှုများရှိသော်ငြားလည်း ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များနှင့် အစိုးရ များ၏ အခန်းကဏ္ဍတစ်ခုလုံးကိုကြည့်လျှင် ကန့်သတ်မှုများရှိနေပြီး လက်ရှိအချိန်တွင် တိုင်းရင်းသားလူမျိုးစု နိုင်ငံရေးစနစ် သစ်မှာ အလွန်သက်တမ်းနုနယ်နေပါသေးသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်များအတွက် ဗဟိုချုပ်ကိုင်မှုစနစ်ကို အနည်းငယ်သာ လျော့ချထားပေးပြီး လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းများလည်း အကန့်အသတ်များ ရှိနေပါသည်။ ခြုံ၍ပြောရလျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များသည် ရံဖန်ရံခါသာ တွေ့ဆုံကြပြီး ဥပဒေအနည်းအကျဉ်းမျှသာ အတည်ပြုနိုင်ခဲ့ရာ နိုင်ငံသားများ၏ဘဝများအတွက် အကျိုးသက်ရောက်မှုမရှိ သလောက် အခြေအနေမျိုးတွင်သာ ရှိနေခဲ့ပါသည်။

အုပ်ချုပ်ရေးအာဏာသည်လည်း အားနည်းလှပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများတွင် သက်ဆိုင်ရာ ဝန်ကြီးများ ခန့်ထားသော်လည်း ဝန်ကြီးဌာနများ သို့မဟုတ် ဝန်ထမ်းများမရှိဘဲ မိမိတို့၏ ဘတ်ဂျက်များကို တိုက်ရိုက်ကိုင်တွယ်သုံးစွဲခွင့်လည်း မရှိကြချေ။ ပြည်နယ်အဆင့်တွင် သက်ဆိုင်ရာ ငွေစာရင်းထိန်းသိမ်းမှုများနှင့် ဝန်ထမ်းများမရှိသည့်အတွက် အရေးကိစ္စများအားလုံးနီးပါးကို ဗဟိုအစိုးရမှမြို့တော် နေပြည်တော်တွင် စီမံခန့်ခွဲလျှက်ရှိသည်။ လက်ရှိအချိန်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဝန်ကြီးချုပ်များအားလုံးသည် ပြည်ခိုင်ဖြိုးပါတီကိုယ်စားလှယ်များဖြစ်ကြပြီး ယင်းအထဲမှ နှစ်ဦးမှာ လက်ရှိစစ်ဘက်အရာရှိများဖြစ်ကြရာ ဩဂုတ်လ ၂၅ ရက် ၂၀၁၅ ခုနှစ်တွင်မှ အငြိမ်းစားယူခဲ့သည်။[၁၆] ယခု သတ်မှတ်ထားချက်အရ သမ္မတက တိုက်ရိုက်ခန့်ထားသည့်အစား ဝန်ကြီးချုပ်များကို ပြည်နယ်အဆင့် လွှတ်တော်များမှ ရွေးချယ်ခွင့်ပေးရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ရန် အဆိုပြုချက်များကို တပ်မတော်ကိုယ်စားလှယ်များမှ ကန့်ကွက်ပယ်ချခဲ့သည်။[၁၇] အကျိုးဆက်အားဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်အရ ပြည်နယ်များနှင့် တိုင်းဒေသကြီးများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မှာ ထူးခြားလာခြင်းမရှိသေးချေ သို့မဟုတ် တိုင်းရင်းသားနိုင်ငံရေးတွင် သိသိသာသာ ပြောင်းလဲလာမှု မတွေ့ရသေးချေ။

၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဖွဲ့စည်းသတ်မှတ်ခဲ့သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ နိုင်ငံရေးဆိုင်ရာအဆင့်အောက်ရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခြောက်ခု တွင်လည်း အလားတူအခက်အခဲများရှိနေပါသည်။ ထိုဒေသများမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဇုံ ၅ ဇုံ ဖြစ်ကြသော စစ်ကိုင်းတိုင်းဒေသကြီးရှိ နာဂတိုင်းရင်းသားအတွက်နှင့် ရှမ်းပြည်နယ်ရှိ ဓနု၊ ကိုးကန့်၊ တအာင်း (ပလောင်)နှင့် ပအိုဝ်းတိုင်းရင်းသား နှင့် ရှမ်းပြည်နယ်ရှိ ဝတိုင်းရင်းသားအတွက် ပိုမိုကြီးမားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခုတို့ဖြစ်ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသသစ်အသီးသီးတွင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးလုပ်ငန်းနှစ်ရပ်စလုံးအတွက် ဦးဆောင်မှုအဖွဲ့တစ်ဖွဲ့ရှိပါသည်။ ထိုတိုင်းရင်းသားလူမျိုး ၆ မျိုးအတွက် ပထမဆုံး အကြိမ်အဖြစ် နိုင်ငံရေးမြေပုံတွင် နယ်မြေသတ်မှတ်အသိအမှတ်ပြုခံရခြင်းပင်ဖြစ်သည်။ ယင်းဦးဆောင်အဖွဲ့များကို နယ်မြေ သတ်မှတ်ထားသည့် မြို့နယ်များမှ ပြည်နယ်/တိုင်း ဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ယင်းဒေသရှိ အခြား တိုင်းရင်းသားလူမျိုးစုများ၏ ကိုယ်စားလှယ်များနှင့် စုစုပေါင်း အဖွဲ့ဝင်ဦးရေ၏ လေးပုံတစ်ပုံကို တပ်မတော်သား ကိုယ်စားလှယ်များအတွက် ခွဲတမ်းချပေးထားပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဇုံများရှိ အစိုးရအသစ်များအနေဖြင့်လည်း လုပ်ပိုင်ခွင့်နှင့် လုပ်ဆောင်နိုင်စွမ်းရည်တွင် အကန့်အသတ် များစွာရှိပါသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ယင်းဒေသများအတွက် အုပ်ချုပ်စီမံမှုဆိုင်ရာများကို လုပ်ပိုင်ခွင့် အနည်းငယ်သာပေးထားပါပြီး ယေဘုယျအားဖြင့် ဒေသတွင်းရှိ တိုင်းရင်းသားလူမျိုးစုများ၏ အဓိကမကျေနပ်ချက်များနှင့် မျှော်လင့်တောင့်တချက်များကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိချေ။ ယင်းဒေသများတွင်နေထိုင်သည့် အခြားတိုင်းရင်းသားများအနေဖြင့်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏လုပ်ဆောင်ချက်များမှ ယင်းတို့၏ အခွင့်အရေးများနှင့် နယ်နမိတ်များ လျော့ပါးသွားမည့်အရေးများနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများရှိနေကြပါသည်။ ဥပမာအားဖြင့် ရှမ်းနိုင်ငံရေးသမားများ အနေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ဖွဲ့စည်းပေးခြင်းသည် မြန်မာနိုင်ငံ၏ အကြီးဆုံး တိုင်းရင်းသား ပြည်နယ်တစ်ခု ဖြစ်သည့် ရှမ်းပြည်နယ်၏ သမိုင်းအစဉ်အလာအရ စည်းလုံးညီညွတ်မှုကို ထိပါးစေရန်အတွက် အစိုးရ၏ မဟာဗျူဟာ အစိတ်အပိုင်းတစ်ခုဖြစ်နေမည်ကို စိုးရိမ်ပူပန်လျှက်ရှိကြပါသည်။[၁၈]

ဤကဲ့သို့သော အခြေအနေတွင် ပြီးခဲ့သည့်လေးနှစ်တာကာလအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအများစု၏ နေ့စဉ်အခြေအနေမှာ ဗဟိုအစိုးရ၏ ဒေသအတွင်း ထိန်းချုပ်မှု၊ တပ်မတော် သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိန်းချုပ်မှုအပေါ်တွင် များစွာမူတည်နေပါသည်။ ထို့ကြောင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ နိုင်ငံရေးခေါင်းဆောင် များအနေနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းမရှိသည့်အတွက် လက်တွေ့လုပ်ပိုင်ခွင့်အာဏာမရှိလှဘဲ အစိုးရ၏ ဩဇာကြီးမားလှသည့် အထွေထွေအုပ်ချုပ်ရေးဌာနအပေါ် များစွာမှီခိုနေကြရပါသည်။[၁၉] ဆန့်ကျင်ဘက်အနေဖြင့် အပစ် အခတ်ရပ်စဲထားသည့် နိုင်ငံ၏အကြီးဆုံး အစိုးရမဟုတ်သည့် စစ်တပ်ဖြစ်သည့် "ဝ"သွေးစည်းညီညွတ်ရေးပါတီသည် ယင်း၏နယ်မြေတွင် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကျင်းပခွင့်မပေးခဲ့ဘဲ ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ နေရာ

အများစုအပြင် အခြား ပြင်ပနယ်မြေအချို့တို့တွင်ပါ ထိန်းချုပ်မှုများရှိနေပါသည်။ ဤအတောအတွင်း "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၏ ကျန်သည့် နယ်မြေများတွင်အခြေစိုက်သည့် တရားဝင် "ဝ" ဦးဆောင်မှုအဖွဲ့သည် ပျက်သုဉ်းလုနီးပါး ဖြစ်နေပါသည်။ ထိုအကြောင်း ကြောင့် "ဝ" သွေးစည်းညီညွတ်ရေးပါတီသည် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းကို တိုးချဲ့ပြီး အခြား တိုင်းရင်းသားပြည်နယ်များနှင့်အညီ "ဝ" ပြည်နယ်အသစ်ကို ဖန်တီးကာ ရှမ်းပြည်နယ်အစိုးရလက်အောက်မှ ခွဲထွက်လိုသည်။[၂၀]

***ကိုးကန့်နှင့် တအာင်း အထူးအုပ်ချုပ်ခွင့်ရဒေသနှစ်ခုလုံးရှိ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များမှာလည်း ၂၀၁၁ ခုနှစ် နောက်ပိုင်း အာဏာရ အစိုးရလက်ထက်တွင် ပျက်ပြယ်ခဲ့ပြီး ထိုနေရာများတွင် စစ်မက်ဖြစ်ပွားနေခဲ့သည့်အတွက် ပြီးခဲ့သည့် လေးနှစ်တာ ကာလအတွင်းတွင် သေဆုံးရသူများ နှင့် နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသူများစွာ ရှိခဲ့သည်။***

အလားတူပင် ပအိုဝ်းအမျိုးသားအဖွဲ့ (PNO) သည် ပအိုဝ်းအထူးအုပ်ချုပ်ခွင့်ရဒေသရှိ လွှတ်တော်အမတ်နေရာများအားလုံး ရရှိထားပြီး ၁၉၉၁ ခုနှစ် အပစ်အခတ်ရပ်စဲရေး နောက်ပိုင်း အင်အားကြီး ပြည်သူ့စစ်အဖွဲ့ရှိသည့်အတွက် ထိုဒေသအတွင်း ထိန်းချုပ်နိုင်သည့်သြဇာအပြည့်အဝရှိပါသည်။ သို့ရာတွင် နိုင်ငံရေးပိုင်းဆိုင်ရာ "မှတ်တိုင်"တစ်ခုအဖြစ် အထူး အုပ်ချုပ်ခွင့်ရဒေသများကို ကျေနပ်အားရမှုရှိနေသော်လည်း PNO ခေါင်းဆောင်များသည် ပအိုဝ်းလူမျိုးများ နေထိုင်သည့် အခြားဒေသများအားလုံးကို ပိုမိုထည့်သွင်းချဲ့ထွင်ပြီး ရှမ်းပြည်နယ်အစိုးရအောက်ရှိ သူတို့၏လက်ရှိအခြေအနေကို ပြန်လည်ညှိနှိုင်းလို ကြသည်။[၂၁] ထပ်မံဖြည့်စွက်ရန် လိုအပ်သည့်အချက်မှာ ကိုးကန့်နှင့်တအာင်း အထူးအုပ်ချုပ်ခွင့်ရဒေသနှစ်ခုလုံးရှိ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များမှာလည်း ၂၀၁၁ ခုနှစ် နောက်ပိုင်း အာဏာရအစိုးရလက်ထက်တွင် ပျက်ပြယ်ခဲ့ပြီး ထိုဒေသနှစ်ခုလုံးတွင် စစ်မက်ဖြစ်ပွားခဲ့သည့်အတွက် ပြီးခဲ့သည့် လေးနှစ်တာကာလအတွင်းတွင် သေဆုံးရသူများနှင့် နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသူများစွာ ရှိခဲ့သည်။ [၂၂]

ထိုသို့သော ဒေသတွင်း ရှုပ်ထွေးမှုများသည် စစ်ပဋိပက္ခဖြစ်ပွားနေသည့် နေရာများတွင်သာမက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေပြင်ပ ဥပဒေပြုရေးများတွင်ပါ လက်နက်ကိုင်အဖွဲ့အစည်းများ၏ သြဇာလွှမ်းမိုးမှုဆက်လက်ကြီးမားလျှက်ရှိသည်ကို မီးမောင်းထိုးပြနေသည်။ ဤနေရာတွင် ထောက်ပြရမည့်အချက်မှာ ဗမာမဟုတ်သည့် လူမျိုးများ၏ ကိုယ်စားပြုမှုသည် အတိုက်အခံဖြစ်ခြင်းသာမကဘဲ ပြည်ခိုင်ဖြိုး၏ အမတ်များအပါအဝင် ရွေးကောက်တင်မြှောက်ခံခဲ့ရသူများသည် စစ်ရေးနောက်ခံရှိခဲ့သည့် စစ်ဘက်အဖွဲ့အစည်း ၃ ခုတို့ကို ဦးဆောင် သို့မဟုတ် ဆက်စပ်နေသည်။ ထိုစစ်ဘက်အဖွဲ့များမှာ တပ်မတော်မှ ကျောထောက်နောက်ခံပေးထားသော ပြည်သူ့စစ်အဖွဲ့များ၊ အပစ်အခတ် ရပ်စဲထားသော အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲပြီးနောက် နယ်ခြားစောင့်တပ်များအဖြစ်သို့ အသွင်ကူးပြောင်းရန်သဘောတူခဲ့သည့် အဖွဲ့တို့ဖြစ်ကြပြီး ယင်းတို့အားလုံးသည် တပ်မတော်၏သြဇာအာဏာ သို့မဟုတ် ထိန်းချုပ်မှုအောက်တွင်ရှိနေကြသည်။ (ပုံစံကွက် - ၂ တွင်ကြည့်ပါ။)။

ဆန့်ကျင်ဘက်အနေဖြင့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံရသည့် တိုင်းရင်းသားလူမျိုးစု ၂၉ မျိုးမှ ကိုယ်စားလှယ်များသည် သူတို့စတင်လုပ်ဆောင်သည်ကာလကတည်းက သူတို့၏အခန်းကဏ္ဍအသစ်များအတွက် ပိုမိုလွတ်လပ်စွာလုပ်ပိုင်ခွင့်များရရှိခဲ့ပါသည်။ ထိုသူတို့ကို ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ အပိုဒ် ၁၆၁ အရ ရွေးကောက်တင်မြှောက်ခဲ့ပြီး ယင်းတို့ကိုယ်စားပြုသည့် တိုင်းရင်းသား လူနည်းစုအဖွဲ့အစည်းများနှင့်ဆက်စပ်သည့် ကိစ္စရပ်များအတွက် တိုင်းရင်းသားရေးရာ ဝန်ကြီးများအဖြစ် အလိုအလျောက်ခန့်အပ်ခဲ့ပါသည်။ ယင်း ဥပဒေအပိုဒ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိအဓိကနေထိုင်သည့်လူမျိုးစုမဟုတ်ခဲ့လျှင် သို့မဟုတ် ထိုတိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုမဟုတ်ခဲ့လျှင် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအသီးသီးတွင် လူဦးရေ ၅၁၅၀၀[၂၃] ထက်ပိုသည့် တိုင်းရင်းသားလူနည်းစုဦးရေရှိပါက ဒေသဆိုင်ရာ လွှတ်တော်တွင် ကိုယ်စားလှယ်တစ်ဦးကို ရွေးချယ်တင်မြှောက်ခွင့်ရှိပါသည်။[၂၄]

## ပုံစံကွက် -၂၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်သူ့စစ်များနှင့် ဆက်စပ်နေသည့် လွှတ်တော် ကိုယ်စားလှယ်များ

| အမည် | ပါတီ | မဲဆန္ဒနယ် | ကိုယ်စားပြုသည့်လွှတ်တော် | လက်နက်ကိုင်အဖွဲ့အစည်း |
|---|---|---|---|---|
| ခွန်မြတ် | ပြည်ခိုင်ဖြိုး | ကွတ်ခိုင် | ပြည်သူ့ လွှတ်တော် | ကွတ်ခိုင် ပြည်သူ့စစ်ခေါင်းဆောင် |
| မြင့်လွင် | ပြည်ခိုင်ဖြိုး | ကွတ်ခိုင်-၂ | ရှမ်းပြည်နယ် လွှတ်တော် | တာမိုးညဲ ပြည်သူ့စစ်ခေါင်းဆောင် |
| ကျော်မြင့် | ပြည်ခိုင်ဖြိုး | နမ့်ခမ်း-၂ | ရှမ်းပြည်နယ် လွှတ်တော် | ပန်ဆေး ပြည်သူ့စစ်ခေါင်းဆောင် |
| ဒူးဝါးဇွပ်ဒေါင်း | ပြည်ခိုင်ဖြိုး | ကချင် တိုင်းရင်းသားရေးရာ | ရှမ်းပြည်နယ် လွှတ်တော် | မုံးကိုး ပြည်သူ့စစ်နှင့်ဆက်စပ်ခဲ့ပြီး လက်ရှိတွင် သားဖြစ်သူမှ အုပ်ချုပ်နေသည်။ |
| ဖဒိုအောင်ဆန်း | ပြည်ခိုင်ဖြိုး | ဖါပွန်-၂ | ကရင်ပြည်နယ် လွှတ်တော် | ဘုရားကုန်း ငြိမ်းချမ်းရေးအဖွဲ့ ခေါင်းဆောင် (KNU၁ မှ ခွဲထွက်အဖွဲ့ငယ်) |
| Bai Xuoqian | ပြည်ခိုင်ဖြိုး | လောက်ကိုင်-၁ | ရှမ်းပြည်နယ် လွှတ်တော် | နယ်ခြားစောင့်တပ် ၁၀၀၆ အဖြစ်ကူးပြောင်းခဲ့ သည့် MNDAA၂ ခွဲထွက်အဖွဲ့ ခေါင်းဆောင် |
| Liu Guoxi | ပြည်ခိုင်ဖြိုး | ရှမ်း - ၁၁ (ကိုးကန့် ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသ) | အမျိုးသား လွှတ်တော် | နယ်ခြားစောင့်တပ် ၁၀၀၆ အဖြစ်ကူးပြောင်းခဲ့ သည့် MNDAA ခွဲထွက် အဖွဲ့ ဒု-ခေါင်းဆောင် |
| Keng Mai | ပြည်ခိုင်ဖြိုး | မူဆယ်-၂ | ရှမ်းပြည်နယ် လွှတ်တော် | မိုင်းပေါ် ပြည်သူ့စစ်ခေါင်းဆောင် |
| Ho Xiaochang | ပြည်ခိုင်ဖြိုး | ကွမ်းလုံ | ပြည်သူ့ လွှတ်တော် | ကွမ်းလုံ အထူးတိုက်ခိုက်ရေးရဲတပ်ဖွဲ့ အငြိမ်းစား ဒုခေါင်းဆောင် |
| ဝီလ်ဆန်မိုး | ပြည်ခိုင်ဖြိုး | ရှမ်း -၇ | အမျိုးသား လွှတ်တော် | နမ်းပုံ ပြည်သူ့စစ်အဖွဲ့ အကြီးတန်းအဖွဲ့ဝင် (လားဟူ) |
| | တသီးပုဂ္ဂလ | ကချင်-၄၃ | ကချင်ပြည်နယ် လွှတ်တော် | နယ်ခြားစောင့်တပ် ၁၀၀၁-၁၀၀၃ ဖြစ်လာသည့် အပစ်အခတ်ရပ် NDA-K၄ အဖွဲ့ ခေါင်းဆောင် |
| | UDPKS၅ | ချီဖွေ-၂ | ကချင်ပြည်နယ် လွှတ်တော် | Zahkung Ting Ying ၏ သားသည် ၊ NDA-K ပိုင်ကုမ္ပဏီ၏ အကြီးအကဲ (ချန်းယင်ရူး ဖွံ့ဖြိုးရေး) |
| | KSDDP၆ | ကရင်-၁၂ | အမျိုးသား လွှတ်တော် | နယ်ခြားစောင့်တပ် ၁၀၂၃ ဖြစ်လာသည့် အပစ် အခတ်ရပ်စဲထားသည့် ကရင် ငြိမ်းချမ်းရေး တပ်ဖွဲ့ အတွင်းရေးမှူး |
| | ပအိုဝ်းအမျိုး သားအဖွဲ့ပါတီ | ပအိုဝ်း အုပ်ချုပ်ခွင့်ရဒေသ ၁၀ နေရာလုံး အနိုင်ရရှိခဲ့သည်။ ပြည်သူ့လွှတ်တော် ၃ နေရာ (ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ် များ)၊ အမျိုးသား လွှတ်တော် တစ်နေရာ (ရှမ်း-၉) နှင့် ထိုမြို့နယ် ၃ မြို့နယ်အတွက် ရှမ်းပြည်နယ် လွှတ်တော်နေရာ ၆ နေရာ | | |
| | TNP၈ | ပလောင်အထူးအုပ်ချုပ်ခွင့်ရဒေသနေရာ ၇ နေရာအတွက် ၆ နေရာတွင် အနိုင်ရသည်။ မန်တုံရှိ ရှမ်းပြည်နယ် လွှတ်တော် ၂ နေရာ၊ နမ့်ဆန်တွင် ရှမ်းပြည်နယ်လွှတ်တော်နေရာ ၂ နေရာ၊ (သို့သော်ပြည်သူ့လွှတ်တော်နေရာကိုမူ ပြည်ခိုင်ဖြိုးက အနိုင်ရပြီး TNP မှမယှဉ်ပြိုင်ခဲ့ချေ။) အမျိုးသားလွှတ်တော်ရှမ်း ၁၀နေရာ | | |

၁ ကရင်အမျိုးသားအစည်းအရုံး (Karen National Union)
၂ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော် (Myanmar National Democratic Alliance Army) (ကိုးကန့်)
၃ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် ကချင် - ၅ ဟု သတ်မှတ်ထားသည့် ဆော့လော၊ အင်ဂျာယန်နှင့် ချီပါဖွေမြို့နယ်များ၊
၄ ဒီမိုကရက်တစ်တပ်မတော်သစ် (ကချင်) (New Democratic Army-Kachin)
၅ ညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ၊ ကချင်ပြည်နယ် (Unity and Democracy Party of Kachin State)
၆ ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးပါတီ (Karen State Democracy and Development Party)
၇ ပလောင်ပြည်နယ်လွတ်မြောက်ရေးပါတီ (Palaung State Liberation Party)
၈ တအာင်း အမျိုးသားပါတီ (Ta-ang National Party)
*ကိုးကား၊ TNI; Shan Herald Agency for News (including its Shan Drug Watch, October 2011); The Irrawaddy; the Asia Foundation*

အစောပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အဆိုပါ တိုင်းရင်းသားရေးရာ ဝန်ကြီးအသစ်များသည် ဩဇာအာဏာမရှိလှဟု ထင်မြင်ကြပြီး သူတို့ကို အခြားပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများနှင့် တန်းတူအဆင့်မပေးခဲ့ချေ။ ဥပမာအားဖြင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအစည်းအဝေးများတွင် အမြဲတမ်းမဖိတ်ကြားခြင်းနှင့် အစိုးရမှပြုလုပ်သည့် ပွဲလမ်းသဘင် များတွင် ထုံးတမ်းစဉ်လာအတိုင်း မဆက်ဆံရခြင်း သို့မဟုတ် အကျိုးခံစားခွင့်များ တန်းတူမပေးခြင်း တို့ဖြစ်ပါသည်။ အကျိုးဆက်အားဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးက တိုင်းဒေသကြီး အစိုးရအဖွဲ့မှ နှုတ်ထွက်ရန် ခြိမ်းခြောက်ခဲ့ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ယင်းကိစ္စကို တိုင်ကြားခဲ့ပါသည်။ ခုံရုံးက တိုင်းရင်းသားရေးရာဝန်ကြီးများသည် အခြားဝန်ကြီးများနှင့် တန်းတူအဆင့်အတန်းရှိသည်ဟု အဆုံးအဖြတ်ပေးခဲ့သည်။

ထိုအချိန်မှစတင်ပြီး တိုင်းရင်းသားရေးရာဝန်ကြီးများကို တိုင်းရင်းသားလူမျိုးစုများ၏ အရေးပါသည့် ကိုယ်စားလှယ်များအဖြစ် ပိုမိုသဘောထားလာကြပြီး သမ္မတဦးသိန်းစိန်ကလည်း နိုင်ငံ၏ အနာဂတ်လမ်းကြောင်းများနှင့်ပတ်သက်သည့် ထိပ်သီးဆွေးနွေးပွဲများတွင် ပုံမှန်ဖိတ်ကြားမှုများရှိလာခဲ့သည်။[၂၅] အနာဂတ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဗဟိုဦးစီး ချုပ်ကိုင်မှု လျှော့ချခြင်းတို့ များလာခဲ့ပါက မိမိတို့လူမျိုးစုများ၏ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး ကိုယ်စားလှယ်များအဖြစ် လုပ်ကိုင်သည့် အခန်းကဏ္ဍများတွင် ပိုမိုဩဇာအာဏာရှိလာနိုင်မည်ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် ဖော်ပြရန် လိုအပ်သည့်အချက်မှာ နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အတွင်း တိုင်းရင်းသားလူမျိုးစုပါတီများနှင့် ဗမာမဟုတ်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍဖြစ်သည်။ တိုင်းရင်းသား ပြည်နယ်များ နှင့်မတူဘဲ ဗမာလူမျိုးမဟုတ်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အချိုးအစားမှာနည်းပါးလှပါသည်။ သို့ရာတွင် တိုင်းရင်းသားကိုယ်စားလှယ်များသည် တက်ကြွမှုအရှိဆုံး ကိုယ်စားလှယ်များဖြစ်ကြပြီး လွှတ်တော်နှစ်ရပ်၏ ဥက္ကဋ္ဌများက တိုင်းရင်းသား ကိုယ်စားလှယ်များအား မေးခွန်းများနှင့် အဆိုတင်သွင်းခွင့်များကို အချိန်သိသိသာသာ ပေးခဲ့ပါသည်။ တိုင်းရင်းသားလူနည်းစုပါတီများမှ ကိုယ်စားလှယ်များကိုလည်း ဥပဒေပြုမှုကော်မတီများအားလုံးတွင် ခန့်ထားပေးခဲ့သည့်အတွက် ဥပဒေပြုရေးနှင့် လွှတ်တော်ကိစ္စရပ်များတွင် ဝင်ရောက် ဆွေးနွေးခွင့်ရရှိစေခဲ့သည်။

ထိုသို့ တိုင်းရင်းသားနိုင်ငံရေးသမားများ၏ ထင်ရှားလာမှုကြောင့် လွှတ်တော်နှစ်ရပ် စတင်ကျင်းပပြီး မကြာမီ တိုင်းရင်းသား ညီနောင်များမဟာမိတ်အဖွဲ့ NBF ကိုဖွဲ့စည်းခဲ့ပြီး၊ နောင်နှစ်နှစ်အကြာတွင် ဖယ်ဒရယ်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ FDA ကို ဖွဲ့စည်းခဲ့ခြင်းဖြင့် ၂၀၁၁ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့သော နိုင်ငံရေးစနစ်သစ်မှစ၍ နိုင်ငံရေးပါတီများ၏ ညွန့်ပေါင်း မဟာမိတ်အဖွဲ့များ ဖွဲ့စည်းခြင်းကို ဖြစ်ပေါ်လာခဲ့သည်။ အကျိုးဆက်အားဖြင့် NLD မှ လွှတ်တော်အမတ်နေရာအများစုနိုင်ခဲ့ သဖြင့် ပိုမိုလက်ခံယုံကြည်မှုရရှိခဲ့သည့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲပြီးနောက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး-နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ဖွဲ့စည်းခဲ့သည့် UNA ပါတီ-နိုင်ငံရေးမဟာမိတ်အဖြစ်ဖြင့် ပြန်လည်လှုပ်ရှားလာပြီး ယင်းအဖွဲ့ဝင် အမြောက်အများက ပါတီမှတ်ပုံတင် ပြန်လည် လျှောက်ထားခဲ့သည်။[၂၆]

အကျဉ်းချုပ်အားဖြင့် လက်ရှိ လွှတ်တော်သက်တမ်းအတွင်း တိုင်းရင်းသားလူမျိုးစုပါတီများသည် အမျိုးသားနိုင်ငံရေးအပေါ် သိသာထင်ရှားသည့် အကျိုးသက်ရောက်မှုမျိုးမရှိခဲ့ချေ။ သို့ရာတွင် အရေးကြီးသည့်အချက်မှာ တိုင်းရင်းသားတို့၏ ပါဝင်မှုနှင့် လှုပ်ရှားမှုများသည် ၁၉၅၀ ခုနှစ်များအတွင်း တည်ရှိခဲ့သည့် သက်တမ်းတိုသည့် ပါလီမန်ခေတ်ကာလနောက်ပိုင်းမှ စတင်၍ ပထမဆုံးအကြိမ်အဖြစ် ဥပဒေပြုလွှတ်တော်အား စစ်မှန်သည့် ပါတီစုံစနစ်နှင့် တိုင်းရင်းသားပေါင်းစုံပါဝင်သည့် အဖွဲ့အစည်းများအဖြစ် စတင်တည်ဆောက်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ဗမာလူမျိုးအများစု လွှမ်းမိုးထားသည့် အာဏာရှင်အုပ်ချုပ်မှုစနစ်ကာလ ဆယ်စုနှစ်ငါးခုမျှ ကြာပြီးနောက် နိုင်ငံ၏တိုင်းရင်းသားလူမျိုးစုပေါင်းစုံကို ကိုယ်စားပြု ထင်ဟပ်သည့် နိုင်ငံရေးမြေပုံတစ်ခု ပြန်လည်အစပြုခဲ့ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ တိုင်းရင်းသားလူမျိုးစုပါတီများအတွက် နိဝင်ဘာလ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲသည် ရသမျှအကုန်ယူရန် အခွင့်အလမ်းဖြစ်သည်။

## ရွေးကောက်ပွဲဆိုင်ရာ စီမံအုပ်ချုပ်မှု

၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းတွင် တစ်နိုင်ငံလုံး အပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ်ကိုလည်း လက်မှတ်ရေးထိုးနိုင်ခြင်း မရှိသေးခြင်းနှင့် ပြည်ခိုင်ဖြိုးပါတီနှင့် NLD နှစ်ခုလုံးတွင် ပါတီတွင်း ပြိုင်ဆိုင်မှုများနှင့် တင်းမာမှုများ ရင်ဆိုင်နေရသည့် အတွက် ရွေးကောက်ပွဲနှင့်ပတ်သက်၍ မသေချာ မရေရာမှုများစွာရှိနေကာ နိုင်ငံရေးရေချိန်လည်း မြင့်တက်လျှက်ရှိသည်။ ပြီးခဲ့သည့်နှစ်က ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို "အချိန်ဆွဲနေသည်"[၂၇] ဟု စိတ်ပူပန်မှုများလည်း ရှိနေခဲ့ကြပြီး ဆန္ဒပြမှု များကို ဖိနှိပ်ချုပ်ချယ်ခြင်းနှင့် မြေယာအခွင့်အရေးလှုပ်ရှားတက်ကြွသူများနှင့် ပြည်တွင်းသတင်းထောက်များကို ဖမ်းဆီး ခြင်း တို့က စိုးရိမ်ပူပန်မှုကို ပိုမိုဆိုးရွားစေခဲ့ပါသည်။[၂၈] နိုင်ငံ၏အရှေ့မြောက်ပိုင်းရှိ လက်နက်ကိုင်ပဋိပက္ခနှင့် မွတ်စလင် ဘာသာဝင်များအပေါ် အကြမ်းဖက်မှုများကလည်း အမျိုးသားပုံရိပ်ကို အရိပ်ထိုးစေခဲ့ပါသည်။ ယခုနှစ်မုတ်သုန် ရာသီတွင် အပျက်အစီးများစွာဖြစ်စေသည့် ရေကြီးနစ်မြုပ်ခဲ့မှုကလဲ ရွေးကောက်ပွဲများကို နေရာများစွာတွင် အထူးသဖြင့် ချင်း ပြည်နယ် တွင် စနစ်တကျ ကျင်းပနိုင်ပါမည်လားဆိုသည့်မေးခွန်းများလည်း ထုတ်လာခဲ့စေပါသည်။[၂၉]

*ပိုပြီးတက်ကြွလှုပ်ရှားမှုရှိကာ ဆင်ဆာမရှိသည့် မီဒီယာနှင့် ပိုမိုရရှိလာသည့်  နိုင်ငံသားဆိုင်ရာ လွတ်လပ်မှုများ၊ ယင်းတို့ကို အသုံးပြုရာတွင် ပြည်သူလူထု၏ ယုံကြည်မှုတို့ကြောင့် နိုင်ငံရေးအခြေအနေမှာ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်များထက်ပင် သိသာထင်ရှားစွာ ပွင့်လင်းမြင့်သာမှုပိုရှိလာပြီဖြစ်ပါသည်။*

မည်သို့ပင်ဖြစ်စေကာမူ ၂၀၁၁ ခုနှစ် နောက်ပိုင်းကာလတစ်လျှောက် ပြောင်းလဲမှုလမ်းကြောင်းများကို အခြေခံလျှက် နိဝင်ဘာလ ရွေးကောက်ပွဲများသည် ၂၀၁၀ ခုနှစ် သို့မဟုတ် ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲများထက် အားလုံးပါဝင်စေနိုင်ပြီး ပိုမိုယုံကြည်ရနိုင်ဖွယ် ရှိနေသည်။ သေချာသည့်အချက်မှာ ပိုပြီးတက်ကြွလှုပ်ရှားမှုရှိကာ ဆင်ဆာမရှိသည့် မီဒီယာနှင့် ပိုမို ရရှိလာသည့်  နိုင်ငံသားဆိုင်ရာ လွတ်လပ်မှုများနှင့် ထိုအခွင့်အရေးများကို အသုံးပြုကျင့်သုံးရန် ပြည်သူလူထု၏ ယုံကြည်မှု တို့ကြောင့် နိုင်ငံရေးအခြေအနေမှာ ၂၀၁၀ ခုနှစ် နှင့် ၂၀၁၂ ခုနှစ်များထက်ပင် သိသာထင်ရှားစွာ ပွင့်လင်းမြင့်သာမှု ပိုရှိ လာသည်။ နိုင်ငံခြားဆက်သွယ်ရေးလုပ်ငန်း နှစ်ခုကို ဝင်ရောက်လုပ်ကိုင်ခွင့်ပေးခဲ့ပြီး တစ်နိုင်ငံလုံးတွင် အသံနှင့် သတင်း အချက်အလက်ကွန်ယက်များနှင့် စမတ်ဖုန်းအသုံးပြုမှု လျင်မြန်စွာတိုးတက်များပြားလာခဲ့ခြင်းကလည်း ဆက်သွယ်ရေး ကဏ္ဍပြုပြင်ပြောင်းလဲမှုကိုလည်း ဖြစ်ပေါ်စေခဲ့ပါသည်။ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များကို ယခုအခါ ကျယ်ကျယ် ပြန့်ပြန့် စိတ်အားထက်သန်စွာ အွန်လိုင်းပေါ်နှင့် လမ်းများပေါ်တွင် ဆွေးနွေးနေကြပြီဖြစ်ပါသည်။

ပြောင်းလဲနေသည့် နိုင်ငံရေး အခင်းအကျင်းများအပြင် ရွေးကောက်ပွဲဆိုင်ရာ စီမံအုပ်ချုပ်ရေးတွင် အရေးပါသည့် အပြောင်း အလဲများလည်းရှိခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင် မှုဖြင့် မဲဆန္ဒရှင်စာရင်းများကို ပြင်ဆင်ပြီး ကွန်ပြူတာတွင်စာရင်းသွင်းနိုင်ရန် ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ သို့သော် လက်ရှိ အချိန်တွင် (ကော်မရှင်၏ ထိန်းချုပ်မှုအောက်တွင် မရှိသည့်) ဒေသတွင်း မှတ်တမ်းထားရှိမှု ကောင်းမွန်ပြည့်စုံမှုမရှိခြင်းနှင့် ပထမဆုံးအကြိမ် မဲစာရင်းကို ကွန်ပြူတာတွင် ထည့်သွင်းခြင်းတို့ကြောင့် စာရင်းမူကြမ်းတွင် မှားယွင်းမှုများစွာရှိနေသည်။ အမှားများကို ပြင်ဆင်ရန် လုပ်ဆောင်လျှက်ရှိပြီး စက်တင်ဘာလတွင် ဒုတိယအကြိမ်ကြေညာသည့်အခါ ဒုတိယအကြိမ် ပြင်ဆင်ခွင့်ရရှိမည်ဖြစ်သော်လည်း နောက်ဆုံးစာရင်းမှာ ပြည့်စုံမှုရှိရန် အလားအလာ နည်းပါးလှပါသည်။[၃၀]

ယခင်ကနှင့်မတူသည့် အပြောင်းအလဲတစ်ခုမှာ နိုင်ငံတကာစံနှုန်းများအတိုင်း လုပ်ဆောင်နိုင်ရန်အတွက် ရွေးကောက်ပွဲ ကော်မရှင်နှင့် နိုင်ငံတကာရွေးကောက်ပွဲဆိုင်ရာ ကူညီပံ့ပိုးမှု အဖွဲ့အစည်းများအကြား ပူးပေါင်း လုပ်ကိုင်ဆောင်ရွက် ခြင်းများ ပင်ဖြစ်သည်။ ၂၀၁၀ ခုနှစ်က ပြဿနာဖြစ်ပွားခဲ့သည့် ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ နှင့်ပတ်သက် သည့် အထူးသဖြင့် ၂၀၁၀ ခုနှစ်တွင် မသမာမှုအများဆုံးဟုစွပ်စွဲခံရသည့် အဓိကအကြောင်းရင်းဖြစ်သည့် ကြိုတင်မဲ ပေးခြင်းတွင် ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပါသည်။ ကြိုတင်မဲပေးခြင်းကိုလည်း ယခုအခါ လေ့လာစုံစမ်းမှုပြုလုပ်နိုင်ပါသည်။[၃၁] မဲများကို မဲရုံမပိတ်မီတွင် ပေးရမည်ဖြစ်ပြီး အဓိကရလဒ်ကို မသိရှိနိုင်သေးမီ ကြိုတင်မဲများကို စုံစမ်းလေ့လာသူများ၏

ရှေ့တွင် သီးခြား ရေတွက်ရပါမည်။ ပြည်တွင်းလေ့လာအကဲခတ်သူများအပြင် အစိုးရမှ နိုင်ငံတကာ လေ့လာကြည့်ရှုသူများကိုလည်း (ရေရှည် အပါအဝင်) ပထမဆုံးအကြိမ် လိုလိုလားလား ခွင့်ပြုထားပြီး နိုင်ငံတကာ အကောင်းဆုံး လုပ်ထုံးလုပ်နည်းများကို လိုက်နာခြင်းမှာ အားရစရာကောင်းသည့်အချက်ဖြစ်သည်။

ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ကုန်ကျငွေကိုလည်း ၅၀၀၀၀၀ (ငါးသိန်း) မှ ၃၀၀၀၀၀ (သုံးသိန်း) ကျပ် (အမေရိကန်ဒေါ်လာ ၂၅၀ခန့်မျှ) သို့ လျှော့ချပေးခဲ့ပါသည်။ ၂၀၁၀ ခုနှစ်တွင် ယင်းငွေကြေးကို ပြန်အမ်းမည် မဟုတ်သည့်အတွက် မဲဆန္ဒနယ်များစွာတွင်ယှဉ်ပြိုင်ရန်နှင့် ငွေကြေးမတတ်နိုင်သည့်ပါတီငယ်များအတွက် ကြီးမားသည့် ဘဏ္ဍာရေး ဝန်ထုတ်ဝန်ပိုးများ ဖြစ်ခဲ့သည်။ ယခုအခါ ၁၉၉၀ ခုနှစ်ကကဲ့သို့ပင် စရံငွေအဖြစ်ပေးရပြီး အနိုင်ရသည့် အမတ်များနှင့် မှန်ကန်သည့် မဲအရေအတွက်၏ အနည်းဆုံး ၁၂.၅ ရာခိုင်နှုန်း ရရှိသည့်ကိုယ်စားလှယ်လောင်းများကို အပြည့်ပြန်ပေးပါသည်။ အခြား ပြင်ဆင်မှုများအနေဖြင့် မဲစာရွက်များကို အမှတ်အသားပြုလုပ်ရာတွင် မှင်ထည့်ပြီးသား တံဆိပ်တုံးများကို ဘောလ်ပင်များအစား အသုံးပြုခြင်းနှင့် မဲ ၂ ကြိမ် မပေးနိုင်ရန် မဲပေးပြီးသွားသော မဲဆန္ဒရှင်များ၏ လက်ချောင်းကို ဖျက်၍ မရသည့်မှင်ကို အသုံးပြု၍ အမှတ်အသားပြုလုပ်ပေးခြင်းဖြင့် မဲပေးသည့်လုပ်ထုံးလုပ်နည်းများကို ပြောင်းလဲခဲ့ပါသည်။

*အချို့တိုင်းရင်းသားပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် ရွေးကောက်ပွဲမကျင်းပမည့် ကျေးရွာ၊အရပ်ဒေသ အများအပြား ရှိကောင်းရှိနိုင်ပါသည်။*

သို့ရာတွင် အထူးသဖြင့် တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ သဘောတူညီခြင်းနှင့် အကောင်အထည်ဖေါ်ခြင်းများ မရှိသေးသည့် တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ နယ်စပ်ဒေသများတွင် ကြီးမားသည့်ရွေးကောက်ပွဲဆိုင်ရာ စိန်ခေါ်မှုများနှင့် စိုးရိမ်ပူပန်မှုအချို့ရှိနေသည်။ ပြီးခဲ့သည့်ရွေးကောက်ပွဲများကဲ့သို့ပင် ပဋိပက္ခဖြစ်ပွားမှုဒဏ်ခံရသည့် ဒေသများတွင် မဲဆန္ဒနယ်များအားလုံးနှင့် မဲဆန္ဒနယ်များအတွင်းရှိ အချို့အစိတ်အပိုင်း နှစ်မျိုးလုံးတွင် လုံခြုံရေး အကြောင်းပြချက်ဖြင့် ရွေးကောက်ပွဲပြုလုပ်မှု ဖျက်သိမ်းခဲ့သည်။ ရှင်းလင်းနေသည့် အချက်တခုမှာ UWSP ထိန်းချုပ်မှုအောက်ရှိ "ဝ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းအတွင်းရှိ မြို့နယ် ၄ မြို့နယ်နှင့် အပစ်အခတ်ရပ်စဲထားသည့် အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော်၏ ထိန်းချုပ်မှုအောက်ရှိ မိုင်းလားမြို့နယ်တို့တွင် ရွေးကောက်ပွဲကျင်းပဖြစ်မည်မဟုတ်ပေ။ သို့သော် အချို့ တိုင်းရင်းသားပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် ရွေးကောက်ပွဲမကျင်းပမည့် ကျေးရွာ၊ အရပ်ဒေသ အများအပြား ရှိကောင်းရှိနိုင်ပါသည်။ မှတ်တမ်းတင်ထားသည့် နိုင်ငံရပ်ခြားတွင်ရောက်ရှိနေသည့် နိုင်ငံသား ၂ သန်း ကျော်တွင် တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ နယ်စပ်ဒေသများမှ အများအပြားပါဝင်ပြီး သံရုံးများတွင် ကြိုတင်မဲပေးရန်အတွက် မှတ်ပုံတင်ထားခြင်း မရှိကြချေ။[၃၂]

မည်သည့်ဒေသများတွင် ရွေးကောက်ပွဲရပ်ဆိုင်းမည်ကို ရွေးကောက်ပွဲမတိုင်မီ ရက်ပိုင်းအလိုတွင် ရွေးကောက်ပွဲ ကော်မရှင်မှ ကြေညာမည်ဟု မျှော်လင့်ထားကြပါသည်။ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ရှေ့ဆက်မရဘဲ ပိတ်ဆို့နေလျှင် သို့မဟုတ် မတည်ငြိမ်လျှင် တပ်မတော်နှင့် ရွေးကောက်ပွဲအာဏာပိုင်များအနေဖြင့် ပိုမိုလုံခြုံစိတ်ချရသည့်နေရာများကို ဆုံးဖြတ်ချက်ချရန် ပိုပြီး ဂရုတစိုက်ချဉ်းကပ်လုပ်ဆောင်ပါလိမ့်မည်။ သို့ရာတွင် ယင်းအချက်သည် နိုင်ငံရေးအရ အန္တရာယ်ရှိနိုင်သည့် အလားအလာရှိသည်။ အချို့သောတိုင်းရင်းသားဒေသများတွင် ၂၀၁၀ ခုနှစ်တွင်ရော ၂၀၁၂ ခုနှစ်တွင်ပါ မည်သည့်နေရာတွင် ရွေးကောက်ပွဲများကို ရပ်ဆိုင်းမည်ဆိုသည့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပွင့်လင်းမြင်သာမှုမရှိခဲ့သည့် အတွက် အာဏာပိုင်များက နိုင်ငံရေးရည်ရွယ်ချက်ဖြင့် လုံခြုံရေးအကြောင်းပြ၍ ထိုဒေသများတွင် ရွေးကောက်ပွဲကို ဖျက်သိမ်းခဲ့သည်ဆိုသည့် သံသယများဖြင့် စိုးရိမ်ပူပန်မှုများစွာရှိခဲ့ပါသည်။

၂၀၁၅ ခုနှစ်တွင် ဤကဲ့သို့သော စိုးရိမ်မှုများ ထပ်မံပေါ်ပေါက်လာနိုင်ပါသည်။ မဲဆန္ဒနယ်တစ်ခုတွင် ရွေးကောက်ပွဲ မှန်ကန်မှုရှိစေရန် မဲပေးသူအရေအတွက် အနည်းဆုံး ၅၁ ရာခိုင်နှုန်းရှိရန်လိုအပ်ပါသည်။[၃၃] ဆိုလိုသည်မှာ အကယ်၍ မဲဆန္ဒနယ်၏ နယ်မြေအချို့တွင် လုံခြုံရေးအကြောင်းပြချက်များဖြင့် ရွေးကောက်ပွဲရပ်ဆိုင်းခဲ့ပြီး ကျန်ရှိသည့် နယ်မြေများ၏ မဲပေးသူ

အရေအတွက်သည် မဲဆန္ဒနယ်တစ်ခုလုံး၏ အနည်းဆုံး ၅၁ ရာခိုင်နှုန်းရှိလျှင် ထိုမဲဆန္ဒနယ်တွင် ရွေးကောက် ပွဲကျင်းပမှု အတည်ဖြစ်သည်။ ထို့ကြောင့် ပဋိပက္ခဒဏ်ခံစားနေရသည့် ဒေသများမှ ရပ်ရွာအဖွဲ့အစည်းများသည် အာဏာပိုင်များမှ သတ်မှတ်ထားသည့် မဲပေးသူ အရေအတွက် ၅၁ ရာခိုင်နှုန်းကို မထိခိုက်ဘဲ ပြည်ခိုင်ဖြိုးပါတီ အနိုင်ရရန်အတွက် မဲပေးသည့်ရလဒ် ပြောင်းလဲသွားရန် ရည်ရွယ်ချက်ဖြင့် မဲဆန္ဒနယ်မြေအတွင်း အချို့သော နယ်မြေများကို စနစ်တကျ ရွေးချယ်၍ မဲမပေးနိုင်ရန် ကန့်သတ်လိမ့်မည်ဟု သံသယဖြင့်နေကြသည်။[၃၄]

ထို့အပြင် လက်ရှိငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အဓိကတိုးတက်မှုမရှိဘဲ၊ ရွေးကောက်ပွဲ ကျင်းပမည့် နေရာများ တွင် ရွေးကောက်ပွဲနီးလာလေလေ၊ အကြမ်းဖက်မှုများ ဖြစ်နိုင်ခြေပိုများလာလေဖြစ်ပါသည်။ ယင်းကိစ္စရပ်များသည် အကြောင်း ပြချက်များ သက်သက်သာဖြစ်နိုင်ပြီး ရွေးကောက်ပွဲနှင့် တိုက်ရိုက်သက်ဆိုင်ချင်မှ သက်ဆိုင်ပေလိမ့်မည်။ အပစ်အခတ် ရပ်စဲရေးများ ပြန့်နှံ့နေပြီဖြစ်သော်လည်း၊ မမျှော်လင့်ထားသည့် အပစ်အခတ်ဖြစ်ပွားမှုများမှာ နယ်စပ်ဒေသများစွာတွင် ဆက်လက်ဖြစ်ပေါ်လျှက်ရှိပြီး၊ အထူးသဖြင့် နိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသများတွင် ကချင်၊ကိုးကန့်နှင့် တအာင်း တပ်များနှင့် အစိုးရတပ်များအကြား နေ့စဉ်နီးပါးတိုက်ပွဲများဖြစ်ပွားလျှက်ရှိပါသည်။[၃၅]

၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနှင့်တိုက်ဆိုင်ပြီး အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားသည့် ဒီမိုကရက်တစ် ကရင်အမျိုးသား တပ်မတော် (ဒီကေဘီအေ) က နယ်စပ်မြို့ဖြစ်သည့် မြဝတီမြို့ကို တိုက်ခိုက်ခဲ့ခြင်းကဲ့သို့သော ရွေးကောက်ပွဲနေ့၏ နိုင်ငံ ရေးနှင့်ပတ်သက်၍ အရေးကြီးသည့်အချိန်ကိုအခွင့်ကောင်းယူသည့် နမူနာများလည်းရှိခဲ့ပါသည်။[၃၆] ထို့ထက်ပို၍ နိုင်ငံရေး ပါတီများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအကြား ရှုပ်ထွေးသည့်ဆက်စပ်မှုများရှိကြပြီး နိုင်ငံရေးနှင့်တိုက်ရိုက် ဆက်စပ် ပတ်သက်ရန် ရည်ရွယ်သည့်ခြိမ်းခြောက်ခြင်း သို့မဟုတ် တိုက်ခိုက်ခြင်းတို့ကိုလည်း မထိန်းချုပ်နိုင်ချေ။ ထိုသို့သော ဖြစ်ရပ် အနည်းငယ်လည်းရှိခဲ့ဖူးပါသည်။ ဥပမာ တိုင်းရင်းသားညီနောင်များဖက်ဒရေးရှင်းအဖွဲ့ဝင်ဖြစ်သည့် SNDP ပါတီ (ကျားဖြူ ပါတီ) မှ အပစ်အခတ်ရပ်စဲထားသည့် ရှမ်းပြည်နယ်တပ်မတော် (မြောက်ပိုင်း) သည် ပြိုင်ဖက်ရှမ်းပါတီတစ်ခုဖြစ်သော UNA အဖွဲ့ဝင် SNLD ကို ကူညီပံ့ပိုးရန် သူ၏အဖွဲ့ဝင်များကို ခြိမ်းခြောက်နေသည်ဟု စွပ်စွဲခဲ့ပါသည်။[၃၇] အလားတူပင် အပစ်အခတ် ရပ်စဲထားသည့် ရှမ်းပြည်နယ် တပ်မတော်-တောင်ပိုင်းကိုလည်း သူတို့သွားလာကျက်စားသည့်နေရာများတွင် စည်းရုံး လှုံ့ဆော်မဲဆွယ်ခြင်းမပြုနိုင်ရန် တအာင်းအမျိုးသားပါတီဝင် ၂ ဦးကို (နောက်ပိုင်းတွင် လွတ်မြောက်လာပြီး ဖြစ်သည်။) ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်ဟု စွပ်စွဲခဲ့ကြပါသည်။[၃၈]

*မည်သည့်တိုင်းရင်းသားလူမျိုးစု ကိုးကွယ်သည့်ဘာသာ သို့မဟုတ် နိုင်ငံရေးပါတီကိုမဆို ဖယ်ကြဉ် ကန့်သတ် ထားခြင်း သည် ရွေးကောက်ပွဲအပေါ် လူအများ၏ ယုံကြည် လက်ခံမှုမရရှိဘဲ သံသယများဖြစ်နေစေနိုင်ပါသည်။*

နောက်ဆုံးအနေဖြင့် မဲပေးသူများကို ကန့်သတ်မှုများနှင့်ပတ်သက်၍ (အဖြူရောင်ကဒ်ပြားဟု လူသိများသည့်) ယာယီ မှတ်ပုံတင်ကဒ်များကို ၂၀၁၅ ခုနှစ် မတ်လတွင် ဖျက်သိမ်းရန်ဆုံးဖြတ်ချက်သည် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာဟုသတ်မှတ် သည့် မွတ်ဆလင်သိန်းပေါင်းများစွာကိုသာမက နိုင်ငံ၏အခြားဒေသများတွင်နေထိုင်ပြီး ထိုကဲ့သို့သော ကဒ်ပြားများ ကိုင်ဆောင်ထားသည့် ထောင်ပေါင်းများစွာသော ကိုးကန့်၊ ဝနှင့် အခြားတရုတ် သို့မဟုတ် အိန္ဒိယနွယ်ဖွား လူနည်းစုများ ကို ဖယ်ကြဉ် ထားခဲ့ပါသည်။[၃၉] အချို့သူများကို နိုင်ငံသားကဒ်အသစ်များထုတ်ပေးခဲ့သော်လည်း အများစုမှာ မရရှိခဲ့ကြ ချေ။[၄၀]

ရိုဟင်ဂျာပဋိပက္ခသည် ယနေ့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုသရုပ်လက္ခဏာဆိုင်ရာ အကဲဆတ်ပြီး ပြဿနာ အဖြစ်နိုင် ဆုံးသော ကိစ္စတစ်ရပ်ပင်ဖြစ်သည်ကို သံသယဖြစ်စရာ မလိုချေ။[၄၁] သို့ရာတွင် အစိုးရမှချမှတ်ခဲ့သည့် အဖြူရောင်ကဒ်နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှုအနေဖြင့် ရခိုင်ပြည်နယ်တွင် လူအများစုကို ကိုယ်စားပြုမည့် ကိုယ်စားလှယ်များကို ရွေးကောက်နိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များရှိလာပေလိမ့်မည်။ ထို့အပြင် အဓိကအကြောင်းရင်း အဖြစ် နိုင်ငံသားဖြစ်မှု စံနှုန်းများဖြင့် လက်ရှိလွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်

ကိုယ်စားလှယ်လောင်း ၈၉ ဦးကို ပြည်နယ်/တိုင်းဒေသကြီးနှင့် ခရိုင် ရွေးကောက်ပွဲကော်မရှင်ခွဲများက ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မပြုခဲ့ချေ။ အများစုမှာ ရန်ကုန်နှင့် ရခိုင်ပြည်နယ်တို့မှ မွတ်စလင်များဖြစ်ကြပြီး ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ထံတွင် အယူခံဝင်ပြီး ၄ ဦးကို ပြောင်းလဲပြင်ဆင်ပေးခဲ့သည်။ အများစုကလည်း ပြန်လည်သုံးသပ် ပြင်ဆင်ပေးရန်တောင်းဆို ထားကြပါသည်။[၄၂] ဗုဒ္ဓဘာသာမျိုးချစ်ဝါဒ ကြီးထွားလာခြင်းနှင့်အတူ နိုင်ငံသားဖြစ်မှုနှင့် တိုင်းရင်းသား လူမျိုးစုများနှင့် သက်ဆိုင်သည့် ဗုဒ္ဓဘာသာသွင်ပြင်လက္ခဏာနှင့် ပတ်သက်သည့် ကိစ္စရပ်များသည် ကြိုတင် ခန့်မှန်းရခက်လှပြီး ရွေးကောက်ပွဲတွင် မဲပေးခြင်းကို များစွာလွှမ်းမိုးနိုင်ပါသည်။[၄၃] ထိုကဲ့သို့ဖြစ်ခဲ့လျှင် မည်သည့် တိုင်းရင်း သားလူမျိုးစု၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် နိုင်ငံရေးပါတီကိုမဆို ဖယ်ကြဉ်ကန့်သတ်ထားခြင်းသည် ရွေးကောက်ပွဲ အပေါ် လူအများ၏ ယုံကြည်လက်ခံမှုမရရှိနိုင်ဘဲ သံသယများသာဖြစ်နေစေနိုင်ပါသည်။

## ၂၀၁၅ ခုနှစ် တိုင်းရင်းသားလူမျိုးစုပါတီများနှင့် မဲဆန္ဒနယ်များ

ယခင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စစ်အစိုးရလက်အောက်တွင် ကျင်းပခဲ့သည့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲထက် ပိုမိုယုံကြည်မှုရှိခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) မှ အမတ်နေရာ အများဆုံး အနိုင်ရခဲ့ သည့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် တိုင်းရင်းသားပါတီသစ်အများအပြား မှတ်ပုံတင်ရန်ဆုံးဖြတ်ခဲ့သည်။ ယင်းပါတီအသစ်များသည် NLD ကဲ့သို့ပင် ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နိုင်ငံရေး အကန့်အသတ်များကို ဆန့်ကျင်သည့်အနေနှင့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ကြသည့် တိုင်းရင်းသား ပါတီများ ဖြစ်ကြသည် (ဇယား ကွက် ၃ ကိုကြည့်ပါ။) ရွေးကောက်ပွဲကျင်းပမည့်ရက် ခန့်မှန်းခြေကို လပေါင်းများစွာ ကြိုတင်သိထားသည့်အတွက် (ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှ သတ်မှတ်ပေးထားသည့် ကျဉ်းမြောင်းတိုတောင်းသည့် အချိန်ကာလဖြစ်သည်) ၂၀၁၅ ခုနှစ် အတွင်းတွင် ပါတီမှတ်ပုံတင်မှုနှုန်းများ ဆက်လက်များပြားလာပါသည်။

*ဗမာလူမျိုးမဟုတ်သည့် တိုင်းရင်းသားများ နေထိုင်ကြသည့် ဒေသများတွင် အမတ်နေရာများနှင့် မဲဆန္ဒနယ်များ သတ်မှတ် ခြင်းသည် ဒေသခံ ပြည်သူလူထုများ ကျေနပ်လောက်စရာမရှိလှချေ။*

၁၉၉၀ ခုနှစ်နှင့် ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲများကဲ့သို့ပင် တိုင်းရင်းသားလူမျိုးပါတီများက ကိန်းဂဏန်း အရေ အတွက်တွင် ပါတီအရေအတွက် စုစုပေါင်း၏ သုံးပုံ-နှစ်ပုံ၊ လက်ရှိ မှတ်ပုံတင်ထားသည့် ပါတီ ၉၁ ပါတီတွင် ၅၉ ပါတီ ဖြင့် ဦးဆောင်လျှက်ရှိပြီး တိုင်းရင်းသားလူမျိုးစု သို့မဟုတ် လူနည်းစု အခြားဘာသာဝင်များကို ကိုယ်စားပြုပါသည် (ပုံစံကွက် ၃ ကိုကြည့်ပါ။)။

ဇူလိုင်လ ၈ ရက်နေ့တွင် ရွေးကောက်ပွဲကော်မရှင်မှ နိုဝင်ဘာလ ၈ ရက်နေ့ တနင်္ဂနွေနေ့တွင် ရွေးကောက်ပွဲ ကျင်းပမည်ဟု ကြေညာခဲ့ပါသည်။ ရွေးကောက်ပွဲအကြို အချိန်ဇယားကိုလည်း သတ်မှတ်ထားပြီးမှ ရေကြီးမှုအကြီးအကျယ်ဖြစ်ပွားခဲ့ပြီး အဟန့်အတားများစွာ ဖြစ်စေခဲ့သည့်အတွက် ရွေးကောက်ပွဲ အချိန်ဇယား ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါသည်။

| | |
|---|---|
| ဇူလိုင်လ ၂၀ ရက်နေ့ - ဩဂုတ်လ ၁၄ ရက်နေ့။ | ။ကိုယ်စားလှယ်လောင်း မှတ်ပုံတင်ရန်ကာလ |
| ဩဂုတ်လ ၁၇ ရက်နေ့။ | ။ကိုယ်စားလှယ်လောင်းများပြန်လည်ရုတ်သိမ်းရန် နောက်ဆုံးရက် |
| ဩဂုတ်လ ၁၈ ရက်နေ့ - ၃၁ ရက်နေ့အထိ။ | ။ကိုယ်စားလှယ်လောင်းများ စီစစ်သည့်ကာလ |
| စက်တင်ဘာလ ၈ ရက်နေ့ - နိုဝင်ဘာလ ၆ ရက်နေ့။ | ။ မဲဆွယ်စည်းရုံးသည့်ကာလ |

ကော်မရှင်မှ မဲဆန္ဒနယ် ၁၁၇၁ နယ်[၄၄] ကို အောက်ပါအတိုင်းခွဲခြား သတ်မှတ်လိုက်ပါသည်။

| | ပြည်နယ်များ | တိုင်းဒေသကြီးများ | စုစုပေါင်း |
|---|---|---|---|
| **အထက်လွှတ်တော် (အမျိုးသားလွှတ်တော်)** | ၈၄ | ၈၄ | **၁၆၈** |
| **အောက်လွှတ်တော် (ပြည်သူ့လွှတ်တော်)** | ၁၂၃ | ၂၀၇ | **၃၃၀** |
| **ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်** | ၂၆၅ | ၄၀၈ | **၆၇၃** |
| **စုစုပေါင်း** | **၄၇၂** | **၆၉၉** | **၁၁၇၁** |

ပြည်နယ်နှင့် တိုင်းဒေသကြီး မဲဆန္ဒနယ်များတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အပိုဒ် ၁၆၁ အရ ၂၀၁၀ ခုနှစ်တွင် ထိုနေရာများအတွက် ပေးထားသည့်အရေအတွက်အတိုင်း တာဝန်ပေးအပ်ထားသည့် တိုင်းရင်းသားလူမျိုးစုနေရာ ၂၉ နေရာ(အထက်တွင်ကြည့်ပါ) လည်းပါဝင်ပါသည်။ ယင်းကဲ့သို့ပြုလုပ်သည့် လုပ်ငန်းစဉ်သည် ထိုအချိန်က ပွင့်လင်းမြင်သာမှုမရှိဘဲ တိုင်းရင်းသားလူမျိုးစုများစွာက အချို့နေရာများတွင် သူတို့၏လူဦးရေစုစုပေါင်းမှာ (ကိုယ်စားလှယ်တစ်ဦး ရနိုင်ရန် သတ်မှတ်ထားသည့်လူဦးရေ) ရှိရမည့်လူဦးရေရှိသော်လည်း ကိုယ်စားလှယ်လောင်းမရရှိကြဟုဆိုပါသည်။ သူတို့အနေဖြင့် ကိုယ်စားလှယ်တစ်ဦးရရှိရန် လူဦးရေပြည့်မီရန် လူဦးရေကို တွက်ချက်မှုများပြုလုပ်ပေးခဲ့ပါသည်။[၄၅] အကျိုးဆက်အားဖြင့် ယခုအကြိမ်တွင် တိုင်းရင်းသားလူမျိုးစု လူဦးရေသတင်းအချက်အလက်များသည် ပိုပြီးအငြင်းပွားစရာ ဖြစ်နိုင်ပါသည်။ တိုင်းရင်းသားများ၏ လူဦးရေသတင်းအချက်အလက်ကို ၂၀၁၀ခုနှစ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရွေးကောက်ပွဲကော်မရှင်သို့ ပေးအပ်ခဲ့သော်လည်း ၂၀၁၅ ခုနှစ် ကိန်းဂဏန်းများကို ပြန်လည် အသစ်ဖြည့်စွက်ပြင်ဆင်ထားဟန်မရှိချေ။[၄၆]

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၆ ဒေသ၏ နယ်မြေသတ်မှတ်ချက်ပေးခြင်းများနှင့်ပတ်သက်သည့် မေးခွန်းများ ဆက်လက်ပေါ်ပေါက်နေပြီး သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးစု၏ အရေအတွက်များ၊ အခွင့်အရေးများနှင့် ကိုယ်စားပြုသည့် နယ်နမိတ်စသည့် အရေးကိစ္စများကို တပ်ပြခြင်းများ၊ ပြန်လည် ချေပခြင်းများ ဖြစ်ပွားနေသည်။ ဥပမာအားဖြင့် အပစ်အခတ်ရပ်စဲခဲ့ သည့် "ဝ" သွေးစည်းညီညွတ်ရေးပါတီမှ မိမိတို့၏ ကိုယ့်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၏ နယ်နိမိတ် အတွင်းသို့ အခြား မြို့နယ်များ ကိုပါ ဖြည့်စွက်ထည့်သွင်းသတ်မှတ်ပေးရန် ဆက်တိုက် စည်းရုံးလှုံ့ဆော်ခဲ့သည်။(အထက်တွင်ကြည့်ပါ။)[၄၇] ယင်းကဲ့သို့သော ကိစ္စရပ်များကို တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ဖြင့် ဆွေးနွေးဆဲငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ထည့် သွင်းထားပြီး နိုင်ငံရေးဆိုင်ရာ ဆွေးနွေးပွဲသို့ ဦးတည်ပါသည်။ သို့ရာတွင် ဗမာလူမျိုးမဟုတ်သည့် တိုင်းရင်းသားများ နေထိုင်သည့် ဒေသများတွင် အမတ်နေရာများနှင့် မဲဆန္ဒနယ်များ သတ်မှတ်ခြင်းသည့် ဒေသခံ ပြည်သူလူထုများ ကျေနပ်လောက်စရာမရှိသေးချေ။

ဤအငြင်းပွားမှုများ၏ နောက်ခံအခြေအနေတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်ထောင်စုသန်းခေါင်စာရင်း၌ တိုင်းရင်းသားလူမျိုးစုဆိုင်ရာ သတင်းအချက်အလက်များကို ကောက်ယူခဲ့ကြပါသည်။ သို့ရာတွင် နိုင်ငံရေးအရ ထိလွယ်ရှလွယ်သည့်အတွက် ယင်းစာရင်းအင်းများကို ထုတ်ပြန်ခြင်းမပြုရသေးချေ။ စနစ်တကျကောက်ယူခြင်းမျိုးလည်းမဟုတ်သည့်အတွက် "တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်"နေရာများအတွက် အသုံးပြုနိုင်ရန် ဖြစ်နိုင်ချင်မှ ဖြစ်နိုင်ပေလိမ့်မည်။[၄၈] အကျိုးဆက်အားဖြင့် သန်းခေါင်စာရင်းကောက်ယူသည့်အတွေ့အကြုံသည် မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးသွင်ပြင် လက္ခဏာနှင့် ကိုယ်စားပြုမှုအပေါ်တွင် ဝိရောဓိဖြစ်မှုများကို သတိပေးနေသည့် သက်သေတစ်ခုဖြစ်ပါသည်။ ဗုဒ္ဓဘာသာနှင့် ရခိုင်မျိုးချစ်အုပ်စုများ၏ ဆန္ဒထုတ်ဖော်မှုများကြောင့် နောက်ဆုံးတွင် တိုင်းရင်းသားနွယ်ဖွားများမဟုတ်ဟု ယူဆသည့် ရိုဟင်ဂျာနှင့် အခြားနေထိုင်သူများ၏ အစိုးရမှယာယီမှတ်ပုံတင်ကဒ်များ ရုတ်သိမ်းခဲ့ပြီး နိုင်ငံသားအပြည့်အဝ ဖြစ်ကြောင်း သက်သေမပြနိုင်ပါက ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် ပါဝင်မဲပေးခွင့်မှဖယ်ကြဉ်ခံရမည်ဖြစ်သည်။ (အထက်တွင်ကြည့်ပါ)။[၄၉]

## ပုံစံကွက် - ၃ မှတ်ပုံတင်ထားသည့် ပါတီ ၉၁ ပါတီစာရင်း (တိုင်းရင်းသားလူမျိုးစုနှင့် ဘာသာရေးဆိုင်ရာ လူနည်းစုပါတီများကို စာလုံးနက်ဖြင့် ဖေါ်ပြထားသည်။)

၈၈ မျိုးဆက်ဒီမိုကရေစီပါတီ

၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)[၁]

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**

**မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ**

**လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်)**

မဟာမိတ် တောင်သူလယ်သမားပါတီ

**အရှိချင်း အမျိုးသားပါတီ**

ဗမာပြည်သူ့ပါတီ[၂]

**ချင်းဒီမိုကရေစီအဖွဲ့ချုပ်**[၃]

**ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ**[၁]

**ချင်းတိုးတက်ရေးပါတီ**[၁]

**ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ**

**ဓနုတိုင်းရင်းသားများအဖွဲ့ချုပ်ပါတီ**

**ထားဝယ်တိုင်းရင်းသားများပါတီ**

**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများပါတီ**

ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ[၁]

ဒီမိုကရက်တစ်ပါတီ (မြန်မာ)[၁]

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

**ဒိုင်းနက်လူမျိုးစု ဖွံ့ဖြိုးတိုးတက်ရေးပါတီ**

**တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးပါတီ**[၁]

**ဖက်ဒရယ်ပြည်ထောင်စုပါတီ**

လမ်းပြကြယ်ပါတီ

**အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ**

**အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**[၁]

**ကယန်းအမျိုးသားပါတီ**[၁]

**ကချင်ပြည်နယ်ဒီမိုကရေစီပါတီ**

**ကချင်ဒီမိုကရက်တစ်ပါတီ**

**ကချင်အမျိုးသားဒီမိုကရေစီကွန်ဂရက်ပါတီ**[၃]

**ကချင်ပြည်နယ်ဒီမိုကရေစီပါတီ**

**ကမန်တိုင်းရင်းသားတိုးတက်ရေးပါတီ**[၁]

**ကယားလူမျိုးစုဒီမိုကရေစီပါတီ**[၁]

**ကရင်ဒီမိုကရက်တစ်ပါတီ**

**ကရင်အမျိုးသားပါတီ**[၃]

**ကရင်ပြည်နယ်ဒီမိုကရေစီနှင့်ဖွံ့ဖြိုးရေးပါတီ**[၁]

**ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**[၁]

**ခူမီး (ခမီ)အမျိုးသားပါတီ**

**ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ**[၁] [၃]

**လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**[၁] [၃]

**လော်ဝေါ် အမျိုးသားညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ**

**လီဆူး အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**

ခေတ်သစ်ပြည်သူ့ပါတီ[၁]

**မွန်အမျိုးသားပါတီ**[၃]

**မြိုအမျိုးသား ဒီမိုကရေစီပါတီ**[၃]

**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ**[၁]

**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေးပါတီ**[၁]

အမျိုးသားတိုးတက်ရေးပါတီ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်[၂] [၃]

အမျိုးသားနိုင်ငံရေးမဟာမိတ်အဖွဲ့ [၁]

အမျိုးသားတိုးတက်မြင့်မားရေးပါတီ

**အမျိုးသား ညီညွတ်ရေး ကွန်ဂရက်ပါတီ**

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ [၁] [၃]

စေ့စပ်ညှိနှိုင်းရေးနှင့်တည်ငြိမ်အေးချမ်းရေးပါတီ

ခေတ်သစ်ပြည်ထောင်စုပါတီ

အမျိုးသားဒီမိုကရေစီပါတီသစ် [၂]

လူ့ဘောင်သစ်ပါတီ

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်** [၁]

မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ [၁]

ပြည်သူ့ဒီမိုကရေစီပါတီ [၂]

**ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ** [၁]

ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီ

**ရခိုင်အမျိုးသားပါတီ (Arakan National Party)** [၄]

**ရခိုင်မျိုးချစ်ပါတီ**

**ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ** [၁]

**ရှမ်းနီ (တိုင်းလိုင်)နှင့်မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ**

**ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ** [၁]

**ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်** [၁]

**ရှမ်းပြည်နယ်အရှေ့ပိုင်းဖွံ့ဖြိုးရေးဒီမိုကရက်တစ်ပါတီ**

**ရှမ်းပြည်နယ် ကိုးကန့်ဒီမိုကရက်တစ်ပါတီ** [၃]

**တအာင်း(ပလောင်) အမျိုးသားပါတီ** [၁]

**တိုင်းလိုင် (ရှမ်းနီ) အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**

ပြည်ထောင်စုဒီမိုကရက်တစ်ပါတီ [၁]

ပြည်ထောင်စု တောင်သူလယ်သမားအင်အားစုပါတီ

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ [၁]

**ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်** [၃]

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ [၁]

ညီညွတ်သောဒီမိုကရက်တစ်ပါတီ [၁]

**ညီညွတ်သောကရင်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ**

**စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ကချင်ပြည်နယ်** [၁]

**ဝဒီမိုကရက်တစ်ပါတီ** [၁]

**ဝအမျိုးသားညီညွတ်ရေးပါတီ** [၁]

**အမျိုးသမီးပါတီ (မွန်)**

ဝံသာနုဒီမိုကရက်တစ်ပါတီ [၁]

**တိုင်းရင်းသားဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ** [၁]

**ဇိုမီးဒီမိုကရေစီကွန်ဂရက်ပါတီ** [၃]

[၁] ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကာလမတိုင်မီကတည်းက မှတ်ပုံတင်ခဲ့ပြီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

[၂] ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီတွင် မှတ်ပုံတင်ခဲ့ပြီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

[၃] ၁၉၉၀-ခေတ် ပါတီ၊ ပြန်လည်မှတ်ပုံတင်ခဲ့သည်။

[၄] ၁၉၉၀ ခုနှစ် တွင်ယှဉ်ပြိုင်ခဲ့သည့် ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ၂၀၁၀ ခုနှစ်တွင် ယှဉ်ပြိုင် ခဲ့သည့် ရခိုင်အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီတို့ဖြင့် ပေါင်းစည်းဖွဲ့စည်းခဲ့သည်။



transnationalinstitute

အချုပ်အားဖြင့် လူဦးရေဆိုင်ရာအပြောင်းအလဲမှုကြောင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲပြုလုပ်ရာတွင် အခြားအကျိုးဆက်များ မရှိနိုင်သော်လည်း လာမည့်လွှတ်တော်သက်တမ်းကာလအတွင်းတွင် အစိုးရနှင့်လွှတ်တော်များအတွက် ကြီးမားပြီး မတည်မငြိမ်ဖြစ်စေနိုင်သည့် စိန်ခေါ်မှုများအဖြစ် တိုင်းရင်းသားလူမျိုးစုဆိုင်ရာ စာရင်းအင်းများနှင့် ကိုယ်စားပြုမှုက ဆက်လက်ရှိနေပေလိမ့်မည်။

## အဓိကစိန်ခေါ်မှုများ

၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကဲ့သို့ပင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲသည်လည်း မူဝါဒရေးရာကိစ္စရပ်များအပေါ် အခြေမခံဘဲ သွင်ပြင်လက္ခဏာနှင့် ပုဂ္ဂိုလ်ရေးအခြေခံမှု ပိုမိုလွှမ်းမိုးမှုရှိနေပါလိမ့်မည်။ ဆိုလိုသည်မှာ ပေါ်လစီမူဝါဒများအပေါ် အခြေမခံဘဲ ပါတီခေါင်းဆောင်တစ်ဦးချင်းကိုထောက်ခံခြင်းကြောင့် သို့မဟုတ် တိုင်းရင်းသားလူမျိုးစုဖြစ်မှုအပေါ်အခြေခံပြီး မဲပေးနိုင်ပါသည်။ အမှန်ပင် တရားဝင်မဲဆွယ် စည်းရုံးမှုစတင်ရုံမျှသာရှိသေးသည့်အတွက် ပါတီများအနေနှင့် ယေဘုယျမူဝါဒရပ်တည်မှုများမှလွဲ၍ အခြားမည်သည့်မူဝါဒများကိုမျှ ချမှတ်ထားခြင်းမရှိသေးချေ။ ဤနေရာတွင် တိုင်းရင်းသားလူမျိုးစု နိုင်ငံရေးခေါင်းဆောင်များကလည်း မိမိတို့၏ပါတီအများစုတွင် အဖွဲ့အစည်းပိုင်းဆိုင်ရာ အားနည်းနေသေးပြီး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှု-ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ အခွင့်အရေးများကို ကျောထောက်နောက်ခံပြုထားသည့် တိုင်းရင်းသားလူမျိုးစုငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအတွက်တောင်းဆိုမှုထက် ကျော်လွန်၍ အခြားအစီအစဉ်များကို ချမှတ်နိုင်ခြင်း မရှိသေးကြောင်း ဝန်ခံကြပါသည်။

ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများမှလည်း ပါတီများအားလုံးအနည်းဆုံး နေရာသုံးနေရာအတွက် ယှဉ်ပြိုင်ရမည်ဟု သတ်မှတ်ထားပြီး ထိုသို့မဟုတ်ပါက အလိုအလျောက် ပါတီမှတ်ပုံတင်မှုဖျက်သိမ်းခြင်းခံရမည်ဖြစ်သည်။ ပုံစံကွက် ၃ တွင် ပါရှိသည့် ပါတီ ၉၂ ပါတီလုံး အနည်းဆုံး ကိုယ်စားလှယ်လောင်း သုံးယောက်ကို တင်သွင်းရမည်။ သို့သော် လက်ရှိ ပယ်ဖျက်ခံထားရသည့် ကိုယ်စားလှယ်လောင်း ၈၅ ဦး အတည်ဖြစ်ပါက မှတ်ပုံတင်ထားသည့် ရိုဟင်ဂျာပါတီ ၃ ပါတီနှင့် မာန်ပါတီ ၁ ပါတီ အပါအဝင် ပါတီ ၆ ပါတီသည် အနည်းဆုံးဝင်ရောက်ယှဉ်ပြိုင်ရမည့် ကိုယ်စားလှယ်လောင်း ၃ ဦး သတ်မှတ်ချက်ကို ပြည့်မီနိုင်မည်မဟုတ်ပေ။[၅၀]

တစ်မဲသာအနိုင်ရသည့်စနစ်ဖြစ်သည့်အတွက် ဝင်ရောက်ယှဉ်ပြိုင်သော ပါတီများအနက် အနည်းငယ်သော ပါတီများသာ အမတ်နေရာ ရရှိနိုင်မည်ဖြစ်သည်။ ၂၀၁၀ ခုနှစ်တွင် ၃၆ ပါတီမှ ၂၁ ပါတီသာလျှင် အနိုင်ရပြီး၊ တိုင်းရင်းသား လူမျိုးစုပါတီများ အပါအဝင် ပါတီငယ်အများအပြား မှတ်ပုံတင်ထားသဖြင့် ယခုအချိန်တွင် အချိုးအဆမှာ ပိုပြီးနည်းနိုင်ပါသည်။

*ရှမ်းတိုင်းရင်းသားခေါင်းဆောင်ဟောင်းတစ်ဦးက ရာထူးနေရာအတွက် ရွေးကောက်ပွဲဝင်သည့်ပါတီနှင့် နိုင်ငံရေးစနစ်ကို ပြောင်းလဲရန် ယှဉ်ပြိုင်သည့် ပါတီများဟု များစွာကွာခြားသည်ဟုဆိုပါသည်။*

အင်အားကြီးအမျိုးသားပါတီများဖြစ်ကြသော NLD နှင့် USDP တို့သည် ဗမာမဟုတ်သည့် တိုင်းရင်းသားများ နေထိုင်သော နယ်မြေများတွင် ထောက်ခံမှု အတန်အသင့် ရရှိကြပြီး ထိုဒေသခံများကို ပါတီကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းသွင်းထားသည်။ ယခင်ရွေးကောက်ပွဲ အတွေ့အကြုံများအရ တိုင်းရင်းသားလူနည်းစု မဲဆန္ဒရှင်များသည် မိမိတို့တိုင်းရင်းသားလူမျိုးစုကို ကိုယ်စားပြုသည့်ပါတီ သို့မဟုတ် ပါတီများကိုမဲပေးလေ့ရှိကြပါသည်။ မဲဆန္ဒရှင်တစ်ဦးအတွက် မိမိ၏မဲဆန္ဒနယ်တွင် မိမိ၏တိုင်းရင်းသားလူမျိုးစုကို ကိုယ်စားပြုသည့် ပါတီတစ်ခုတည်းရှိပါက ရွေးချယ်ရန် လွယ်ကူပေမည်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်မြေအများအပြားတွင် ရခိုင်လူမျိုးမဲဆန္ဒရှင်များအတွက် အဓိက ရခိုင်ပါတီများအားလုံး ပေါင်းစည်းခဲ့ကြခြင်းကြောင့် ရခိုင်ပါတီ တစ်ပါတီတည်းကိုသာ မဲပေးရွေးချယ်ရမည်ဖြစ်သည်။ သို့သော် ဒေသများစွာတွင် တိုင်းရင်းသားမဲကိုရရှိရန် ကြိုးပမ်းနေသည့် NLD နှင့် USDP အပြင် ၂၀၁၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့်ပါတီ နှင့် ၁၉၉၀ ခေတ်မှ ပြန်လည် မှတ်ပုံတင်ထားသည့် ပါတီများ ပါဝင်သည်။

ဥပမာအားဖြင့် မွန်ပြည်နယ်တွင် NBF အဖွဲ့ဝင်ဖြစ်သည့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ (AMRDP) သည် ၂၀၁၀ ခုနှစ်တွင် အတန်အသင့်အောင်မြင်ခဲ့ပြီး မွန်ပြည်နယ်အစိုးရတွင် ဝန်ကြီးနေရာ ၂ နေရာ ရထားပြီး ယခုအချိန်ထိ လူသိများထင်ရှားပါသည်။ အလားတူပင် မွန်အမျိုးသား ဒီမိုကရက်တစ်တပ်ဦး (MNDF) အဖြစ်ဖြင့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် နေရာများ စွာ ယှဉ်ပြိုင်အနိုင်ရခဲ့ပြီး နှစ်ပေါင်းများစွာ ဖိနှိပ်ချုပ်ချယ်ခံခဲ့ရသည့်အပြင် UNA နှင့် NLD တို့နှင့်အတူ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့သော မွန်အမျိုးသားပါတီဟောင်းသည် ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် ပြန်လည်မှတ်ပုံတင်ခဲ့သည်။ ၂၀၁၂ ခုနှစ်မှသာ စတင်ခဲ့သည့်အတွက် ပါတီနှင့် ကွန်ရက်များကို ပြန်လည်တည်ဆောက်ရန် အချိန်နည်းခဲ့သော်လည်း မွန်အမျိုးသားပါတီသည် နှစ်ပေါင်းများစွာ ဖွဲ့လုံ့လနှင့် သပိတ်မှောက်ခဲ့ခြင်းအတွက် မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ မျိုးချစ်စိတ်နှင့် ခိုင်မာမာရပ်တည်ခဲ့မှုအတွက် ပြည်သူတို့၏ ယုံကြည်မှုအကျိုးရလဒ်များကို ခံစားနေရပြီး ကြံ့ကြံ့ခံနိုင်ခဲ့သော ပါတီတခုအဖြစ် လက်ခံအသိအမှတ်ပြုထားကြသည်။ ယင်းကျော်ကြားမှုသည် ယခု နိုင်ငံရေးအခြေအနေအတွက် အကျိုးဖြစ် စေသည့်အချက်ဖြစ်ပြီး ပြီးခဲ့သည့်လများအတွင်းတွင် AMRDP အစား MNP ကို ပိုမိုလူသိများ ရေပန်းစားလာသည်။ သို့သော် မဲကွဲမည့်အလားအလာကြောင့် MNP နှင့် AMRDP တို့မှ ကိုယ်စားလှယ်လောင်းများသည် အချို့သော မဲဆန္ဒနယ်မြေများတွင် ရှုံးနိမ့်နိုင်သည်။ ထိုနယ်မြေများတွင် တစ်ပါတီတည်းက ယှဉ်ပြိုင်လျှင် အနိုင်ရရှိနိုင်သော်လည်း နှစ်ပါတီစလုံး ယှဉ်ပြိုင်ပါက အမတ်နေရာ အနိုင်ရနိုင်မည် မဟုတ်ပေ။

မွန်ပြည်နယ်တွင် ဖြစ်နေသည့်အခြေအနေသည် တိုင်းရင်းသားအချင်းချင်းအတွင်း အကွဲအပြဲများအနက် တစ်ခုတည်းသော ဥပမာမဟုတ်ချေ။ အလားတူ အခြေအနေမျိုးကို ရှမ်းပြည်နယ်ရှိ NBF နှင့် UNA အဖွဲ့ဝင်အသီးသီးဖြစ်ကြသည့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမှ SNDP နှင့် ၁၉၉၀-ခေတ် SNLD တို့အကြားတွင်လည်း တွေ့ရှိရပါသည်။ ယင်းတိုင်းရင်းသား လူမျိုးစု လှုပ်ရှားမှုများ၏ နိုင်ငံရေးဆိုင်ရာကွဲပြားမှုများကို ရှင်းပြစေရာတွင် ရှမ်းတိုင်းရင်းသားခေါင်းဆောင်ဟောင်းတစ်ဦးမှ "ရာထူးနေရာ အတွက်" ရွေးကောက်ပွဲဝင်သည့်ပါတီ (၂၀၁၀ ခုနှစ် ရွေးကောက်ပွဲတွင် နေရာရခဲ့သည့် NBF အဖွဲ့ဝင်များနှင့် အခြားပါတီများ ကိုရည်ညွှန်းသည်) နှင့် "နိုင်ငံရေးစနစ်ပြောင်းလဲရန်" ယှဉ်ပြိုင်သည့်ပါတီများ (UNA အဖွဲ့ဝင်များနှင့် အယူဝါဒကို ပိုမိုအလေး ထား၍ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ဦးတည်သောပါတီများကို ရည်ညွှန်းသည်) ဟူ၍ ကွဲပြားခြားနားကြသည်ဟု ဆိုပါသည်။[၅၁] သင့်လျော်မှန်ကန်သည့် သရုပ်လက္ခဏာခွဲခြားချက်တစ်ခုဟု မဆိုနိုင်သော်ငြားလည်း မဲဆန္ဒရှင်များ၏ သဘောထားများကို လွှမ်းမိုးနိုင်မည့် အများစုမှဆုပ်ကိုင်ထားသည့် အမြင်တစ်ခုကို ထင်ဟပ်နေသည်။

*ယင်းစိန်ခေါ်မှုများကို ပြန်လည်တုံ့ပြန်ရာတွင် တိုင်းရင်းသားပါတီများအနေဖြင့် အသုံးပြုနိုင်သည့် ဗျူဟာကျသည့် နည်းလမ်း ၂ လမ်းမှာ မှာ ပါတီ ၂ ပါတီ ပေါင်းစည်းခြင်း သို့မဟုတ် "မယှဉ်ပြိုင်ခြင်း" သဘောတူညီချက်များနှင့် ပါတီအချင်းချင်း မဟာမိတ်ဖွဲ့ခြင်းများဖြစ်ပါသည်။*

ထိုကဲ့သို့သော ကွဲပြားမှုနှင့် ရှုပ်ထွေးမှုများသည် တိုင်းရင်းသားပါတီမျာအနေနှင့် တိုင်းရင်းသားပြည်နယ် ၇ ပြည်နယ်ရှိ မဲဆန္ဒ နယ်အားလုံးကို အနိုင်ရနိုင်မည့်အလားအလာမရှိဟု အဓိပ္ပါယ်သက်ရောက်နေပါသည်။ နိုင်ငံ၏ လူမှုရေးဆိုင်ရာ ရောထွေးမှု ထင်ဟပ်နေသော မဲဆန္ဒနယ်အများအပြားတွင် တိုင်းရင်းသားလူမျိုးများစွာရှိနေပြီး တိုင်းရင်းသား လူမျိုးစု အမျိုးမျိုးနှင့် ပါတီ အမျိုးမျိုးအကြား မဲကွဲနိုင်ပြီး တနိုင်ငံလုံးယှဉ်ပြိုင်သည့် ပါတီကြီးများအနက်မှ တစ်ပါတီ အနိုင်ရနိုင်ခြေများပါသည်။ ထို့အပြင် အတိတ်တွင်လည်း မြို့ပြဒေသနေ မဲဆန္ဒရှင်များ မဲပေးရာတွင် တစ်နိုင်ငံလုံး ယှဉ်ပြိုင်သည့် ပါတီများကိုသာ ပိုမိုရွေးချယ်ခဲ့ကြ သည်ကို တွေ့ရသည်။ ထိုကဲ့သို့မဲပေးခြင်းက တစိတ်တဒေသအားဖြင့် ဒေသအလိုက် ဖြစ်တတ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုဒေသများတွင် ဗမာတိုင်းရင်းသား ပိုမိုများပြားသည့်အတွက်ဖြစ်သည်။ သို့ရာတွင် တစိတ်တပိုင်းအားဖြင့် မြို့များတွင် ပညာပိုတတ်သည့် ပညာတတ်ပုဂ္ဂိုလ်များနှင့် တက္ကသိုလ် ကျောင်းသား/သူများကဲ့သို့သော မဲပေးသူများသည် တိုင်းရင်းသားလူမျိုးစုကို ရိုးရိုးအခြေခံသူများကို မဲပေးမည့်အစား ဒီမိုကရေစီနည်းကျသည်ဟုထင်မြင်သည့်ပါတီများကို ပိုမိုထောက်ခံကြပြီး NLD ကိုမဲပေးတတ်ပါသည်။ အချို့သူများသည် NLD ကို

မဟာဗျူဟာကျသည့် အကြောင်းပြချက်များ ဖြင့်လည်း မဲပေးတတ်ကြပါသည်။ ပြည်ခိုင်ဖြိုးပါတီနှင့် တပ်မတော်သား ကိုယ်စားလှယ်များ၏ သြဇာအာဏာကို ထိန်းချုပ် ကန့်သတ်ရန် လွှတ်တော်တွင် အတိုက်အခံပါတီကြီး တစ်ခု လိုအပ်ပါသည်။ ဥပမာအားဖြင့် ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲတွင် မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်တွင် NLD မှ မဲအများဆုံးအနိုင်ရခဲ့ပြီး USDP မှ ဒုတိယနှင့် AMRDP မှာ ခပ်ဝေးဝေးမှ တတိယလိုက်ခဲ့ပါသည်။

ယင်းစိန်ခေါ်မှုများကို ပြန်လည်တုံ့ပြန်ရာတွင် တိုင်းရင်းသားပါတီများအနေနှင့် အသုံးပြုနိုင်သည့် ဗျူဟာကျသည့် နည်းလမ်း ၂ လမ်းမှာ တိုင်းရင်းသားတစ်မျိုးတည်းကို ကိုယ်စားပြုနေသည့် ပါတီ ၂ ပါတီ ပေါင်းစည်းခြင်း သို့မဟုတ် "မယှဉ်ပြိုင်ခြင်း" သဘောတူညီချက်များနှင့် ပါတီအချင်းချင်း မဟာမိတ်ဖွဲ့ခြင်းများဖြစ်ပါသည်။ ပါတီများစွာ ပေါင်းစည်းရန် ဆွေးနွေးခဲ့ကြ သော်လည်း အထူးသဖြင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲပြီးနောက် ၁၉၉၀-ခေတ် ပါတီများပြန်လည်မှတ်ပုံတင်ချိန် တွင် တိုင်းရင်းသားအချင်းချင်းယှဉ်ပြိုင်သည့် မျက်နှာစာသစ်တစ်ခုပွင့်ခဲ့ပြီး ညှိနှိုင်းမှုအများစုမှာ မအောင်မြင်ခဲ့ချေ။ ယနေ့ အချိန်တွင် ၁၉၉၀ ခုနှစ်နှင့် ၂၀၁၀ ခုနှစ် ရခိုင်ပါတီများ[၅၂] ပေါင်းစည်းထားသည့် ရခိုင် (အာရကန်) အမျိုးသားပါတီ (ANP) သည်သာလျှင် အောင်မြင်သည့် ပေါင်းစည်းမှုတစ်ခုဖြစ်ပြီး ယင်းတို့၏ပြည်နယ်တွင် အမတ်နေရာအများစုကို အနိုင် ရနိုင်မည့် အနေအထား ရှိနေသည်။

မဲကွဲခြင်းများ ရှိနိုင်သော်လည်း "မယှဉ်ပြိုင်ရန်" သဘောတူညီချက်များ ရယူနိုင်ခဲ့ခြင်း မရှိကြချေ။ အဓိက ရှမ်းပါတီများ အနက် တစ်ပါတီမှ ယင်း၏ပြိုင်ဖက်ပါတီ အနိုင်ရနိုင်ဖွယ်ရှိသည့် မြို့နယ်တွင် ဝင်မပြိုင်ဆိုင်ရန်ဆုံးဖြတ်ခဲ့သော်လည်း ပါတီ ၂ ပါတီစလုံးသည် အခြားနေရာအများအပြားတွင် ထိပ်တိုက်ယှဉ်ပြိုင်ကြမည်ဖြစ်ပါသည်။[၅၃] အလားတူပင် ချင်းပါတီများနှင့် မွန်ပါတီများသည်လည်း "မယှဉ်ပြိုင်ရန်" ဆွေးနွေးခဲ့ကြသော်လည်း သိသာထင်ရှားသည့် အကျိုးရလဒ်များ မဖေါ်ထုတ်နိုင် ကြသေးပေ။[၅၄] ဒီမိုကရေစီ၏ သရုပ်လက္ခဏာတစ်ခုအဖြစ် တွေးထင်နိုင်သော်လည်း ရွေးကောက်ပွဲတွင် ချင်း၊ ကချင်၊ ကရင်နှင့် အခြားတိုင်းရင်းသားလူမျိုးစုများကို ပါတီအမျိုးမျိုးမှ ကိုယ်စားပြုမည်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးစုတစ်စုအတွင်း မဲကွဲမှုများ ပိုမိုများပြားလာမည်ဖြစ်သည်။ ယင်းကို တုံ့ပြန်ရန် ရွေးကောက်ပွဲတွင် သင့်တော်သည့် မွန်ကိုယ်စားလှယ်လောင်း ရွေးကောက်ခံရစေရန်အတွက် ကြိုးပမ်းအားထုတ်ရန် ရေးမြို့နယ်ရှိ မွန်ဒေသခံများက "ရွေးကောက်ပွဲ အောင်နိုင်ရေး အတွက် ပံ့ပိုးကူညီမှုအဖွဲ့" ကိုဖွဲ့စည်းခဲ့ပါသည်[၅၅]။ သို့ရာတွင် ဤကဲ့သို့သောလုပ်ဆောင်ချက်များသည် ဒေသခံ မဲဆန္ဒရှင်များ ကို လွှမ်းမိုးနိုင်သော်လည်း ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကျိုး သက်ရောက်မှု ရှိနိုင်သည့်အလားအလာ မရှိချေ။

ပါတီမဟာမိတ်ဖွဲ့ခြင်းများသည်လည်း ရွေးကောက်ပွဲနီးကပ်လာသည်နှင့်အမျှ ဗျူဟာကျသည့် စည်းလုံးညီညွတ်မှုကို သိသာထင်ရှားစွာ ဖေါ်ဆောင်နိုင်ခြင်း မရှိခဲ့ပေ။ အဓိကပြိုင်ဆိုင်နေသည့်မဟာမိတ်အဖွဲ့ ၃ ဖွဲ့တို့မှာ (အထက်တွင် ဆွေးနွေးခဲ့သည့်အတိုင်း) NBF၊ FDA နှင့် UNA တို့ဖြစ်ကြသည်။ ပါတီများ၏ အသံများကို ပိုမိုအားကောင်း လာစေသည့်အပြင် ထိုကဲ့သို့ မဟာမိတ်ဖွဲ့ခြင်း၏ တန်ဖိုးရှိနိုင်သော အလားအလာများမှာ မဲကွဲမှုများ လျော့ချခြင်းနှင့် မဲအလဲအလှယ်လုပ်ခြင်းများကို ညှိနှိုင်းဆောင်ရွက်နိုင်ခြင်းဖြစ်သည်။[၅၆] သို့ရာတွင် ယင်းမဟာမိတ်အဖွဲ့များတွင် မည်သည့် အဖွဲ့ကမှ ယှဉ်ပြိုင်မည့်နေရာများအတွက် အောင်မြင်စွာ ပူးပေါင်းလုပ်ဆောင်နေသည့် အထောက်အထားများ အလွန် နည်းလှပါသည်။

အလားတူသိသာထင်ရှားသည့်အချက်မှာ အလွတ်သဘောမဟာမိတ်ပြုထားကြသည့် NLD နှင့် UNA တို့အကြားတွင် လည်း ရွေးကောက်ပွဲဆိုင်ရာ မဟာဗျူဟာနှင့်ပတ်သက်၍ ပူးပေါင်းညှိနှိုင်းလုပ်ဆောင်ခြင်းများ မရှိချေ။ NLD ကို တိုင်းရင်းသား ပြည်နယ်မဲဆန္ဒနယ်များတွင် UNA ၏ အဖွဲ့ဝင်ပါတီ တစ်ပါတီမှ ယှဉ်ပြိုင်မည့်နေရာများတွင် မယှဉ်ပြိုင်ရန် တောင်းဆိုခဲ့သော် လည်း NLD မှ နိုင်ငံတစ်ဝှမ်းလုံးရှိနေရာအားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ရပ်တည်ထားသည်။ အမှန်စင်စစ်တွင် လူနည်းစုပါတီများယှဉ်ပြိုင်ရန်အတွက် ချန်ထားပေးရန် တိတိကျကျတောင်းဆိုထားသည့် တိုင်းရင်းသား

သေးမီက နိုင်ငံရေး လေ့လာအကဲဖြတ်သူ မင်းဇင်ရေးသားခဲ့သည့်အတိုင်း "NLD သည် တိုင်းရင်းသားပါတီများနှင့် ကိုယ်စားလှယ်လောင်းများ နှင့် ရွေးကောက်ပွဲခရိုင်ကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းရန် ငြင်းဆိုခဲ့ပြီး ထိုသို့ပြုလုပ်မည့်အစား ဒေသခံနိုင်ငံရေးအုပ်စုများကို ရွေးကောက်ပွဲ ပြိုင်ဖက်များအဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ခဲ့သည်။"[၅၈]

၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင် ပြုလုပ်ခဲ့သည့်အတိုင်း တိုင်းရင်းသားဒေသများတွင် NLD အလုံးအရင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်း၏ သက်ရောက်မှုများကို နှစ်ရှည်လများ စိုးရိမ်ပူပန်ခဲ့သည့်အတွက် NBF မှ တိုင်းရင်းသားပေါင်းစုံပါဝင်သည့် ဖက်ဒရယ်ပြည်ထောင်စုပါတီ (FUP) ကိုထူထောင်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင်မှတ်ပုံတင်ခဲ့သည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် ပါတီမှတိုင်းရင်းသားပြည်နယ်များတွင်ရောထွေးနေသည့် တိုင်းရင်းသားမဲဆန္ဒနယ်မြေများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပလက်ဖေါင်းပေါ်တွင် တိုင်းရင်းသားလူနည်းစု အများအပြားရှိသည့် ဗမာတိုင်းရင်းသားဒေသများအတွက် ၃၇ နေရာတွင် ကိုယ်စားလှယ်လောင်းများကို မှတ်ပုံတင်ခဲ့ပါသည်။ သို့ရာတွင် FUP မှ မဲပေးသူများကို ရွေးချယ်ခွင့် ပိုမိုရစေနိုင်ခဲ့သော်လည်း ထိုသို့သောပါတီတစ်ခုအနေနှင့် ဗမာအများစုရှိသည့်ပါတီများ အထူးသဖြင့် NLD ရှိသည့်ဒေသများတွင် အောင်မြင်မှုရရှိနိုင်သည့် အလားအလာ မရှိလှချေ။

တိုင်းရင်းသားလူမျိုးစုပါတီများ၏ အခက်အခဲများသည် ဤနေရာတွင် မပြီးသေးချေ။ ပါတီချင်းပြိုင်ဆိုင်မှုများအပြင် ပါတီအများအပြားသည် ငွေရေးကြေးရေး အခက်အခဲ၊ အကန့်အသတ်များနှင့် ရင်ဆိုင်နေရသည်ဟုဆိုကြပါသည်။[၅၉] အလားတူ အရေးကြီးသည့်ကိစ္စမှာ တိုင်းရင်းသားနယ်စပ်ဒေသများတွင် အထူးသဖြင့် ပဋိပက္ခဒဏ်ခံစားနေရသည့်ဒေသများတွင် လူအများစု၏ နေ့စဥ်ဘဝစိန်ခေါ်မှုများအတွက် သိသာထင်ရှားသည့် အကျိုးသက်ရောက်မှုမရှိလှသည့် ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှု အလွန်နည်းပါးလှပါသည်။ ယင်းဒေသများတွင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့သည်သာ မိမိတို့အပေါ် သက်ရောက်မှုရှိသည်ဟု ယူဆကြပြီး သမိုင်းအစဥ်အလာအရ ယင်းတို့၏ အနာဂတ်အတွက် အဆုံးအဖြတ်ပြုလုပ်ရာတွင် ရွေးကောက်ပွဲထက် လက်ရှိငြိမ်းချမ်းရေးဖြစ်စဥ်မှ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲနိုင်ရေးက ပို၍အရေးကြီးသည်ဟု ယုံကြည်ထားကြသည်။

ဤကဲ့သို့သောစိန်ခေါ်မှုများသည် တိုင်းရင်းသားပါတီအများအပြား၏ မြင့်မားလှသည့် ရည်မှန်းချက်များကို လူအများသိရှိစေရန် ထုတ်ဖေါ်ပြောဆိုခြင်းများကို ဟန့်တားရပ်တန့်နိုင်ခြင်း မရှိခဲ့ပေ။ ဥပမာအားဖြင့် NBF မဟာမိတ်အဖွဲ့သည် ပြည်ထောင်စုလွှတ်တော်[၆၀]တွင် ပြည်နယ်အမတ်နေရာများ၏ လေးပုံသုံးပုံခန့်နှင့် အမတ်နေရာစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းရှိသော အမတ်နေရာ ၁၅၀ ရရှိရန် မျှော်မှန်းထားသည်ဟု ဆိုပါသည်။ ၁၉၉၀ ခုနှစ်တွင်ရော ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲများတွင်ပါ တိုင်းရင်းသားပါတီအားလုံးရရှိခဲ့သည့် နေရာစုစုပေါင်း၏ နှစ်ဆခန့်ကို ကိုယ်စားပြုအောင်မြင်နိုင်ရန်မှာ ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပါသည်။ ထိုကဲ့သို့သော အောင်ပွဲတစ်ရပ်သည် တပ်မတော်သားများအတွက် ခွဲတမ်းအပါအဝင် လွှတ်တော် တစ်ခုလုံး၏ လေးပုံတပုံဖြစ်ပြီး NBF အား အာဏာချိန်ခွင်မျှနိုင်စွမ်းသူ ဖြစ်လာစေမည်ဖြစ်သည်။

*နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကို အာမခံပေးနိုင်သည့် အောင်မြင်သည့်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်က နိုင်ငံအတွက် ငြိမ်းချမ်းရေး၊တည်ငြိမ်မှု နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ရေးတို့ဖြစ်လာစေရန် ရွေးကောက်ပွဲ နိုင်ငံရေးကဲ့သို့ တန်းတူအရေးပါသည့်အချက်တစ်ချက်အဖြစ် သဘောထားကြပါသည်။*

နောက်ကွယ်တွင်မူ လူမှုရေးနှင့် နိုင်ငံရေးနယ်ပယ်အသီးသီးမှ တိုင်းရင်းသားခေါင်းဆောင်များက လွှတ်တော် နိုင်ငံရေးသည် တိုင်းရင်းသားလူမျိုးစုများ၏ မျှော်လင့်ချက်များကို မည်သည့်အတိုင်းအတာအထိ ရရှိနိုင်မည်ကို သံသယရှိကြသည်။ စစ်မက်ပဋိပက္ခများ ဆက်လက်ရှိနေပြီး စီးပွားရေးဆိုင်ရာ ကျူးကျော်မှုများပိုမိုများပြားလာပြီး မိမိတို့ပိုင်ဆိုင်သည့် မြေများမှ ဖယ်ကြဉ်ခံနေရမှုများ တိုးပွားလာသည်နှင့်အမျှ ယင်းသံသယများလည်း ပိုမိုပြင်းထန်လာခဲ့ပါသည်။ ထို့ကြောင့် ဥပမာအနေနှင့် SNLD မှ နေရာများစွာတွင် အနိုင်ရရန်ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်နေသော်လည်း ပါတီ၏ထိပ်တန်းခေါင်းဆောင်အများအပြားသည် တနိုင်ငံလုံးငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပါအဝင် လွှတ်တော်ပြင်ပနိုင်ငံရေးတွင် ပိုမို လုပ်

ဆောင်နိုင်ရန် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုကြချေ။[၆၁] နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကို အာမခံပေးနိုင်သည့် အောင်မြင်သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် နိုင်ငံအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ရေးတို့ဖြစ်လာစေရန် ရွေးကောက်ပွဲနိုင်ငံရေးကဲ့သို့ တန်းတူအရေးပါသည့် အချက်တစ်ချက်အဖြစ် သဘောထားကြပါသည်။

ထိုသို့ဖြင့် နိုင်ငံရေးဆိုင်ရာ ရွေးချယ်ရခက်သည့် အခြေအနေတစ်ခု ဆက်လက်ရှိနေခဲ့ပါသည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၏ အရေးကြီးမှုနှင့် တိုင်းရင်းသားလူမျိုးစုပါတီများ မဲအများအပြား ရရှိနိုင်သည်ကို သံသယမရှိပါ။ သို့သော် တိုင်းရင်းသား- နိုင်ငံရေးမြင်ကွင်းအတွင်းတွင် ရှုတ်ထွေးမှုများ၊ မညီညွတ်မှုများသည် အမျိုးသားနိုင်ငံရေးစင်မြင့်ပေါ်တွင် ကိုယ်စားပြုနိုင်သော အကျိုးဆက်များရှိစေရန် ပါတီတစ်ခု သို့မဟုတ် မဟာမိတ်ပါတီများမှ လုံလောက်သည့် အမတ်နေရာအရေအတွက်များ ရရှိနိုင်မှုရှိမရှိကို မေးခွန်းထုတ်ရပါမည်။

မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲသည် ၂၀၁၀ ခုနှစ် သို့မဟုတ် ၁၉၉၀ ခုနှစ် အထွေထွေရွေးကောက်ပွဲများနှင့် အလွန်ကွဲပြားသည့် နိုင်ငံရေးအခြေအနေတစ်ခုအောက်တွင်ဖြစ်သည်။ အမှန်ပင် နိုင်ငံရေးမဲဆွယ်စည်းရုံးခြင်းများနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲမှုများ လွတ်လပ်၍ တရားမျှတခဲ့ပါက ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသည့်ကာလမှ စတင်၍ အကျယ်ပြန့်ဆုံး ယှဉ်ပြိုင်ကြသည့် ရွေးကောက်ပွဲဖြစ်လာနိုင်သည်။ ၂၀၁၁ ခုနှစ် သမ္မတဦးသိန်းစိန် အာဏာရယူခဲ့သည့်အချိန်မှစ၍ နိုင်ငံရေးလုပ်ပိုင်ခွင့်များ ပိုမိုရရှိလာပြီး ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်ခဲ့သော်လည်း တိုင်းရင်းသားများ၏ အဓိကမျှော်လင့်ချက်များကိုမူ လွှတ်တော်မှတဆင့်သော်လည်းကောင်း၊ အမျိုးသားငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှသော်လည်းကောင်း အကောင်အထည်မဖော်နိုင်ခဲ့သေးချေ။ နိုင်ငံနှင့် ၎င်း၏နိုင်ငံရေးမှာ အကွဲကွဲအပြားပြားရှိနေပြီး လူမျိုးရေးသည်လည်း နိုင်ငံရေးတွင် ရှေ့တန်းတင်ခံလာရပါသည်။

ဤအကြောင်းများကြောင့် ရွေးကောက်ပွဲသည် အတန်အသင့် လက်ခံယုံကြည်နိုင်ပြီး အားလုံးပါဝင်ကြပြီး (အားလုံးတညီတညွတ်တည်း မဟုတ်သော်လည်း) တိုင်းရင်းသားပါတီများအတွက် အတန်အသင့် အခြေအနေကောင်းမွန်လာနိုင်သော်လည်း လက်ရှိ မြန်မာ့နိုင်ငံရေး၏ တည်ဆောက်ပုံနှင့် ဖြစ်စဉ်များသည် ဆယ်စုနှစ်များစွာသော တိုင်းရင်းသား ပဋိပက္ခများ၏ အမွေဆိုးများနှင့် ဆက်လက်ဖြစ်ပွားနေသော ခွဲခြားဆက်ဆံမှုများကြောင့် လစ်လျူရှု၊ ဖယ်ကျဉ်ခံနေရသည့် လူမှုအသိုင်းအဝိုင်းများ၏ အရေးကိစ္စများကို ဖြေရှင်းနိုင်စွမ်း ရှိမည်၊မရှိမှာ မရှင်းမလင်းဖြစ်နေသည်။

ထို့ကြောင့် ရွေးကောက်ပွဲကို အနီးကပ်ကြည့်ရှုလေ့လာပြီး ပွင့်လင်းမြင်သာစွာ လိုက်လံစုံစမ်းရန် အရေးကြီးပါသည်။ ရလဒ်မည်သို့ပင်ဖြစ်စေကာမူ အဆုံးသတ်တစ်ခုအဖြစ်ဖြင့် မရှုမြင်ဘဲ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်၏ ခြေလှမ်းတစ်လှမ်းအဖြစ်သာ မှတ်ယူသင့်ပြီး နိုင်ငံ၏ ပြည်သူလူထုများအားလုံးအတွက် ငြိမ်းချမ်းရေး၊ တန်းတူရေးနှင့် ဒီမိုကရေစီအခွင့်အရေးများကို ဖော်ဆောင်ရန်အတွက် ခရီးရှည်ဆက်လက်လျှောက်လှမ်းရန် လိုအပ်သည်ဟု မှတ်ယူသင့်သည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှတဆင့် သမိုင်းဝင်စိန်ခေါ်မှုတစ်ခုက မြန်မာနိုင်ငံ၏ ခေါင်းဆောင်များအား စောင့်ဆိုင်းလျှက်ရှိပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသို့ ဦးတည်နေသည့်အလျောက် မတူကွဲပြားသည့် ပါတီများသည်လည်း နိုင်ငံ၏ဒီမိုကရေစီအနာဂတ်တစ်ခုကို တည်ဆောက်ရာတွင် အပြုသဘောလုပ်ကိုင်ဆောင်ရွက်ခွင့် အခွင့်အလမ်းများ ရှိလာသည်။ မေးရန် ကျန်ရှိနေသေးသည့်မေးခွန်းမှာ- ၂၀၁၅ ရွေးကောက်ပွဲသည် တိုင်းရင်းသား ငြိမ်းချမ်းရေးနှင့် အားလုံးပါဝင်နိုင်ရေးတို့ကို အမှန်တကယ် ကိုင်တွယ်ဖြေရှင်းပေးမည့် လမ်းကြောင်းတခုဖြစ်လာမည်လား သို့မဟုတ် ထိုသို့ပြုလုပ်ရန်အခွင့်အလမ်းကို နောက်ထပ်တဖန် လက်လွှတ်ဆုံးရှုံးကြမည်လား ဆိုသည့် မေးခွန်းပင် ဖြစ်သည်။

# ရည်ညွှန်းမှတ်စုများ

[၁] ၁၉၈၉ ခုနှစ်တွင် စစ်အစိုးရသည် မြန်မာနိုင်ငံ၏ တရားဝင်အမည်ကို Burma မှ Myanmar အဖြစ်သို့ပြောင်းလဲခဲ့ပါသည်။ မြန်မာ ဘာသာစကားဖြင့် ပြောင်းလဲခေါ်ဝေါ်လေ့ရှိသော်လည်း ယင်းအသုံးအနှုန်းများသည် နိုင်ငံရေးကိစ္စရပ်တစ်ခုအဖြစ် အငြင်းပွားမှုဖြစ်လာခဲ့ပါသည်။ နိုင်ငံအတွင်းနှင့် နိုင်ငံတကာသံတမန်အသိုင်းအဝိုင်းတွင် မြန်မာကို အများစုအသုံးပြုကြပြီး ပြည်ပတွင် အင်္ဂလိပ်ဘာသာစကား ဖြင့် အမြဲတမ်းအသုံးမပြုကြချေ။ တသမတ်တည်းဖြစ်စေရန်အတွက် မြန်မာဟု ဤအစီရင်ခံစာတွင်အသုံးပြုပါမည်။

[၂] ၂၀၁၄ခုနှစ် လူဦးရေနှင့်အိမ်ထောင်စုသန်းခေါင်စာရင်းတွင် အလေးထားဖော်ပြထားသကဲ့သို့ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးဆို သည့် အသုံးအနှုန်းနှင့်ဆက်စပ်ပြီး အငြင်းပွားဖွယ်ရာများရှိနိုင်ပါသည်။ ယေဘုယျအားဖြင့် လွတ်လပ်ရေးရပြီးသည့်ကာလမှစ၍ ကွဲပြား သည့် သမိုင်းနောက်ခံ၊ ဘာသာစကားနှင့် သရုပ်လက္ခဏာရှိသည့် တိုင်းရင်းသားအုပ်စု သို့မဟုတ် လူမျိုးတစ်စုကို "တိုင်းရင်းသားလူမျိုး" ဟုအသုံးပြုကြပါသည်။ ဗမာလူမျိုးအများစုသည်လည်း ယင်းတိုင်းရင်းသားအုပ်စုတွင်အပါအဝင်ဖြစ်ပါသည်။ "တိုင်းရင်းသားလူမျိုး" ဆိုသည့် အသုံးအနှုန်းကိုအသုံးပြုရန် ခက်ခဲခြင်းကို ဆွေးနွေးထားသည့် Ethnicity without Meaning, Data without Context: The 2014 Census, Identity and Citizenship in Burma/Myanmar", Transnational Institute (TNI)-Burma Centrum Nederland (BCN), Burma Policy Briefing Nr 13, February 2014 ကိုကြည့်ပါ။

[၃] ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ဖဆပလ) (The Anti-Fascist People's Freedom League-AFPFL)

[၄] ၁၉၉၀ ခုနှစ်များ အတောအတွင်းတွင် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့-အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အပစ်အခတ်ရပ်စဲရေးမူဝါဒဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအများအပြား အမျိုးသားညီလာခံ တက်ရောက်ခဲ့ ကြပြီး အရှိန်ရခဲ့သော်လည်း သူတို့၏တောင်းဆိုချက်များ အများအားဖြင့် ဖက်ဒရယ်ပြည်ထောင်စုအတွက် တောင်းဆိုမှုကို အလေးမထား လျစ်လျူရှုခံခဲ့ရသည်ဟု ဆိုပါသည်။

[၅] Robert Taylor ၏ "Refighting Old Battles, Compounding Misconceptions: The Politics of Ethnicity in Myanmar Today", ISEAS Perspective No. 12, Singapore, March 2015 ကိုကြည့်ပါ။

[၆] ဗိုလ်အောင်ကျော်လမ်း ကြေညာစာတမ်း၊ ဩဂုတ်လ ၂၇ ရက်၊ ၁၉၉၀ ခုနှစ်

[၇] ဥပမာအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၊ မလေးရှားသံတမန် ရာဇလီအစ်စမေးလ် (Razali Ismail) က စစ်အစိုးရ၊ NLD နှင့် တိုင်းရင်းသားအဖွဲ့များအကြား "သုံးပွင့်ဆိုင်ဆွေးနွေးပွဲ" ဖြစ်နိုင်စေရန်အတွက် ကြိုးပမ်းခဲ့ပါသည်။

[၈] TNI ၏ "A Changing Ethnic Landscape: Analysis of Burma's 2010 Polls", Burma Policy Briefing Nr 4, December 2010 ကိုကြည့်ပါ။

[၉] ၁၁၅၇ နေရာအတွက် ယှဉ်ပြိုင်ခဲ့ပါသည်။ သို့ရာတွင် မိုင်းလားမြို့နယ်အတွက် သုံးနေရာကိုမည်သူမျှယှဉ်ပြိုင်ခဲ့ခြင်းမရှိပါ။ ဤနေရာ တွင် ရွေးကောက်ပွဲကို ကျင်းပခဲ့ပြီးပြီလားဟု သံသယဖြစ်စရာရှိပါသည်။

[၁၀] အစပိုင်းတွင် တိုင်းရင်းသားညီနောင်များဖိုရမ်ဟု ခေါ်ဝေါ်ခဲ့ကြပါသည်။

[၁၁] ယင်းအုပ်စုနှစ်စုမှာ ကွဲသွားပြီး မည်သည့်ပါတီမှ ယင်းအုပ်စုနှစ်စုလုံး၏ အဖွဲ့ဝင်များမဟုတ်ကြချေ။

[၁၂] International Crisis Group (ICG) ၏ "Reform in Myanmar: One year on", Asia Briefing No. 136, April 2012 ကိုကြည့် ပါ။

[၁၃] ၁၃. ရိုဟင်ဂျာပါတီတစ်ခုဖြစ်သည့် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီသည် ပထမတွင် နှစ်နေရာအတွက် အနိုင်ရခဲ့သော်လည်း ရွေးကောက်ပွဲကော်မရှင်က သက်သေခံအထောက်အထားများကို ပြန်လည်စီစစ်ပြီးနောက် ရလဒ်ကိုပြောင်းပြန်လှန်ခဲ့ပြီး USDP ကို ယင်းနေရာများ အတွက် အနိုင်ပေးခဲ့ပါသည်။

[၁၄] TNI ၏ "A Changing Ethnic Landscape" ကိုကြည့်ပါ။

[၁၅] အမှန်တွင် ပြည်နယ်အစိုးရများသည် ခွင်းချက်အနည်းငယ်မျှဖြင့် ထိုပြည်နယ်တွင် အနိုင်ရသည့်ပါတီတိုင်းမှ အနည်းဆုံးဝန်ကြီးတစ်နေရာကို ခန့်အပ်ပေးပြီး အားလုံးကိုပါဝင်စေခဲ့ပါသည်။ ယင်းကိစ္စအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ သို့မဟုတ် ဥပဒေပိုင်းဆိုင်ရာ အထောက်အထား ရည်ညွှန်းချက်များ မလိုအပ်ချေ။

[၁၆] မြန်မာနိုင်ငံသမ္မတအမိန့်ကြော်ငြာစာ အမှတ် ၁၇ နှင့် ၁၈၊ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၅ ရက်

[၁၇] ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ ထုတ် ဧရာဝတီဂျာနယ်မှ "ပြည်နယ်ဝန်ကြီးချုပ်များကို ရွေးချယ်ခွင့်အဆိုကို တပ်မတော်သား ကိုယ်စားလှယ်များက ပယ်ချခြင်း။ (Military Slams Proposal for States to Choose Chief Ministers)"

[၁၈] ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးစိုင်းညွှန့်လွင်နှင့်တွေ့ဆုံမေးမြန်းချက်၊ ဧပြီလ ၃ ရက်၊ ၂၀၁၅ ခုနှစ်

[၁၉] ဦးဆောင်မှုအဖွဲ့များ၏ အသေးစိတ်ဆွေးနွေးချက်ကို Kim Jolliffe ၏ "Ethnic armed conflict and territorial administration in Myanmar", The Asia Foundation, July 2015 တွင်ကြည့်ပါ။

[၂၀] UWSP ဒု-ဥက္ကဋ္ဌ Xiao Min-Liang နှင့် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့မှ တွေ့ဆုံမေးမြန်းချက်

[၂၁] TNI နှင့် PNO ခေါင်းဆောင်တွေ့ဆုံမေးမြန်းချက်၊ ၂၀၁၅ ခုနှစ် ဧပြီလ ၅ ရက်

[၂၂] ဥပမာ - TNI ၏ "Military Confrontation or Political Dialogue: Consequences of the Kokang Crisis for Peace and Democracy in Myanmar", TNI Myanmar Policy Briefing Nr 15, July 2015 ကိုကြည့်ပါ။

[၂၃] မြန်မာနိုင်ငံလူဦးရေ ၅၁.၅ သန်း၏ ၀.၁ ရာခိုင်နှုန်း (၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း) ရှိပါသည်။

[၂၄] စာရင်းအပြည့်အစုံမှာ- ဗမာ (၅)၊ ကရင်(၅)၊ ချင်း (၃)၊ ရှမ်း (၃)၊ ပအိုဝ် (၂)၊ ရခိုင် (၂)၊ လီဆူး (၂)၊ အာခါ၊ အင်းသား၊ ကချင်၊ ကယန်း၊ လားဟူ၊ မွန်၊ ရဝမ် (၁)

[၂၅] "သမ္မတနှင့် တိုင်းရင်းသားဝန်ကြီးများတွေ့ဆုံ" မြန်မာ့တိုင်း(မ်)စ်၊ ၂၀၁၂ခုနှစ် စက်တင်ဘာလ ၁၀ရက်နေ့နှင့် ဧရာဝတီ၊ ဇန်နဝါရီ၁၅ ၂၀၁၅နေ့ပါ "တိုင်းရင်းသားရေးရာဝန်ကြီးများက စုကြည်ဝေဖန်ချက်များအပြီး တွေ့ဆုံဆွေးနွေးပွဲနေရာများနှင့်ပတ်သက်ပြီး ပြန်လည် ခုခံပြောဆို Ethnic affairs ministers defend seat at negotiating table after Suu Kyi remarks"

[၂၆] ကြားဖြတ်ရွေးကောက်ပွဲတွင် ဗမာလူမျိုးဒေသများ၊ မွန်ပြည်နယ်အတွက် တစ်နေရာနှင့် ရှမ်းပြည်နယ်အတွက် နှစ်နေရာအပါအဝင် နေရာ ၄၅ နေရာအနက် ၄၂ နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။

[၂၇] TNI ၏ "Political Reform and Ethnic Peace in Burma/Myanmar: The Need for Clarity and Achievement", TNI Myanmar Policy Briefing Nr 14, April 2015 ကိုကြည့်ပါ။

[၂၈] Amnesty International ၏ "Open for Business?: Corporate Crime and Abuses at Myanmar Copper Mine", February 2015၊ ၂၀၁၅ခုနှစ် မတ်လ ၅ ရက်နေ့ ဧရာဝတီ၏ "ပြည်တွင်းမီဒီယာများက သတင်းထောက်များအားဖမ်းဆီးခြင်းအတွက် အာဏာပိုင်များအား ပြစ်တင်ရှုံ့ချ၊ Local Media Slam Authorities for Arresting Journalists", နှင့် Colin Hinshelwood ၏ "International voices decry police crackdown on students", DVB, 9 March 2015; Human Rights Watch, "Burma: Land Rights Activists Are Newest Political Prisoners", Bangkok, 16 August 2015

[၂၉] ဧရာဝတီ၊ စက်တင်ဘာလ ၂ ရက် ၂၀၁၅ San Yamin Aung ၏ "Chin State Candidates Say Floods Will Hamper Campaign"

[၃၀] မွေးနေ့မှားခြင်း၊ တရွာလုံး၏လိပ်စာတူနေခြင်းကဲ့သို့သော သတင်းမီဒီယာများတွင်ပါရှိသည့် အမှားအများစုသည် မဲပေးခွင့်နှင့် မဲပေးနိုင်မှုကို ထိခိုက်မှုမရှိချေ။

[၃၁] တစ်ဦးချင်းမဲပေးသည်ကို လျှို့ဝှက်ထားသော်လည်း လုပ်ငန်းစဉ်ကိုလေ့လာကြည့်ရှုနိုင်သည်ဟု ဆိုလိုပါသည်။

[၃၂] "Millions of Myanmar citizens abroad miss chance to vote", DPA, 2 September 2015

[၃၃] ၂၀၁၀ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ (ပြင်ဆင်ခဲ့သည့်အတိုင်း)၊ အပိုဒ် ၅၀ (ဂ)၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်/တိုင်း ဒေသကြီး ရွေးကောက်ပွဲဥပဒေများနှင့် သက်ဆိုင်သည့် အပိုဒ်များ

[၃၄] ဇွန်လ ၂၀၁၅ ခုနှစ် တွင် TNI က ကရင်ပြည်နယ်တွင် တွေ့ဆုံမေးမြန်းချက်များ

[၃၅] ဥပမာ - TNI ၏ "Military Confrontation or Political Dialogue" တွင် ကြည့်ပါ။

[၃၆] TNI ၏ "A Changing Ethnic Landscape" ကိုကြည့်ပါ။

[၃၇] မတ်လ ၂၃ ရက်နေ့ ၂၀၁၅ ခုနှစ် SNDP ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းနှင့် မြန်မာတိုင်း(မ်)စ် တွေ့ဆုံမေးမြန်းချက် "Five years ago, people were afraid of politics" ကိုကြည့်ပါ။ ရှမ်းပြည်နယ်တိုးတက်ရေးပါတီသည် ရှမ်းပြည်နယ်-မြောက်ပိုင်းတပ်မတော်၏ နိုင်ငံရေးအဖွဲ့အစည်းဖြစ်ပါသည်။ SNLD ၏ ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့် တွေ့ဆုံမေးမြန်းချက်အတွက် Myanmar Now တွေ့ဆုံမေးမြန်းချက်၊ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့ SNDP ၏ "We need genuine competition and respect the public's choice" ကိုကြည့်ပါ။

[၃၈] ဧရာဝတီ၊ ၂၀၁၅ ခုနှစ် ဇွန်လ ၂၃ ရက်နေ့၊ "Ethnic armed group accused of abducting local party leaders in Shan State", ကိုကြည့်ပါ။ The Restoration Council of Shan State သည် ရှမ်းပြည်နယ်-တောင်ပိုင်းတပ်မတော်၏ နိုင်ငံရေးအဖွဲ့အစည်းပင်ဖြစ် သည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ S.H.A.N.၏ "RCSS vows not to support any parties" တွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမပြင်မချင်း မည်သည့်နိုင်ငံရေးပါတီကိုမှ ဖွဲ့စည်းရန်စဉ်းစားမည်မဟုတ်၊ မည်သည့်ပါတီကိုမှလည်း ထောက်ခံမည် မဟုတ်ဟု ဆိုပါသည်။

[၃၉] ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် ရခိုင်ပြည်နယ်ပြင်ပတွင် ယာယီမှတ်ပုံတင်ကဒ်ကိုင်ဆိုင်သူဦးရေ ၁၇၂၀၀၀ ရှိပြီး၊ ရန်ကုန်တိုင်း ဒေသကြီးတွင် အများဆုံး (၆၆၀၀၀)၊ ရှမ်းပြည်နယ် (၂၂၀၀၀) နှင့် ပဲခူးတိုင်းဒေသကြီး(၁၈၀၀၀) ရှိကြောင်းတွေ့ရှိရပါသည်။

[၄၀] အသက်၁၈နှစ်ပြည့်ပြီးသူ (မဲပေးခွင့်ရှိသူများကိုဆိုလိုပါသည်။) ကို ပစ်မှတ်ထားလျှက် နယ်စပ်ဒေသများတွင် သက်သေခံ အထောက် အထားကဒ်ပြားများထုတ်ပေးသည့် စီမံကိန်းကိုစတင်နေပြီဖြစ်သဖြင့် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် တစိတ်တဒေသအားဖြင့် ဖြေရှင်း ပေးနိုင်ပါသည်။ ဥပမာ ICG ၏ "The Dark Side of Transition: Violence Against Muslims in Myanmar", Asia Report No.251, 1 October 2013၊ ICG ၏ "Myanmar: The Politics of Rakhine State", Asia Report No.261, 22 October 2014 နှင့် TNI, "Ethnicity without Meaning" တို့ကိုကြည့်ပါ။

[၄၁] ဥပမာ ICG ၏ "The Dark Side of Transition: Violence Against Muslims in Myanmar", Asia Report No.251, 1 October 2013၊ ICG ၏ "Myanmar: The Politics of Rakhine State", Asia Report No.261, 22 October 2014 နှင့် TNI, "Ethnicity without Meaning" တို့ကိုကြည့်ပါ။

[၄၂] TNI တွေ့ရှိခဲ့ရသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပယ်ဖျက်ခံရသည့် ကိုယ်စားလှယ်လောင်းများစာရင်း

[၄၃] Timothy McLaughlin and Hnin Yadana Zaw တို့၏ "Anti-Muslim Buddhist Group Moves Toward Burma's Mainstream", Reuters, 1 September 2015 နှင့် "Hardline monks claim victory as Myanmar Muslims face poll exclusion", AFP, 6 September 2015

[၄၄] ၂၀၁၀ ခုနှစ် ထက် မဲဆန္ဒနယ် ၈ ခုကို ပိုမိုဖြည့်သွင်းခဲ့ပါသည်။ အကြောင်းပြချက်များကို ရှင်းလင်းစွာမသိရှိခဲ့ရပါ။ ရှမ်းပြည်နယ် လွှတ်တော် မဲဆန္ဒနယ်များ တွင် UWSP လက်နက်ကိုင်အဖွဲ့ ထိန်းချုပ်သည့် မြို့နယ် လေးခုမပါဝင်ချေ။ (ပြည်နယ်/တိုင်းဒေသကြီးအဆင့် တွင် မြို့နယ် တစ်ခုတွင် မဲဆန္ဒနယ်နှစ်ခုရှိပါသည်။)

[၄၅] ဥပမာအားဖြင့် နိုဝင်ဘာလ ၂၀၁၄ ခုနှစ်တွင် မွန်ခေါင်းဆောင်များသည် တနင်္သာရီဒေသတွင် စစ်တမ်းကောက်ယူခဲ့ပြီး မွန်လူမျိုး ၆၂၀၀၀ ရှိကြောင်း သတင်းရရှိပါသည်။ သို့ရာတွင် ယင်းတို့အနက် သုံးပုံနှစ်ပုံမှာ မွန်လူမျိုးဖြစ်ကြောင်း တရားဝင်သက်သေခံလက်မှတ် မရှိကြချေ။ အများစုတွင် မှတ်ပုံတင်မရှိကြသကဲ့သို့ အချို့မှာ မှတ်ပုံတင်တွင် အခြားတိုင်းရင်းသားလူမျိုး (အများစုကို ဗမာ) ဟု ဖေါ်ပြထား ခြင်းခံရပါသည်။

ထို့ထက်ပိုပြီးရှုတ်ထွေးသည့်ကိစ္စတစ်ခုမှာ အချို့သူများ၏ မှတ်ပုံတင်ကဒ်များတွင် တိုင်းရင်းသားလူမျိုးများစွာကို ဖေါ်ပြထားပြီး အပိုဒ် ၁၆၁ တွင် ခွဲတမ်းချပေးထားသည့်နေရာများနှင့်ဆက်စပ်ပြီး ယင်းကဲ့သို့သောကိစ္စမျိုးများကို မည်သို့ဆုံးဖြတ်မည်မှာ မရှင်းလင်းလှချေ။ (စစ်တမ်းကောက်ခံရန်) ငွေကြေးမရှိတော့သည့်အတွက် ရန်ကုန်ဒေသကြီးနှင့် ပဲခူးဒေသကြီးတို့တွင် မပြုလုပ်နိုင်ကြ တော့ကြောင်းသိရှိရပါသည်။ အခြားအုပ်စုများဖြစ်သည့် ချင်း၊ ကရင်၊ ရှမ်းနှင့် ကမန်လူမျိုးများကလည်း လူဦးရေစာရင်း ကောက်ခံရန် အစီအစဉ်ရှိကြောင်း ထုတ်ပြန်ကြေညာထားပါသည်။ TNI ၏ "Ethnicity without Meaning" စာမျက်နှာ ၁၄တွင် ကြည့်ပါ။

[၄၆] TNI ၏ ၂၀၁၅ခုနှစ် ဧပြီလက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တွေ့ဆုံမေးမြန်းချက်

[၄၇] နိုင်ငံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများအနက်၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၏ မြို့တော်ကို UWSP နယ်နမိတ်၏ ပြင်ပတွင်ရှိသည့် ဟိုပန်းတွင် သတ်မှတ်ထားပါသည်။ TNI ၏ "Military Confrontation or Political Dialogue" စာမျက်နှာ ၁၆-၂၀တွင် ကြည့်ပါ။

[၄၈] သန်းခေါင်စာရင်းတွင် အသုံးပြုထားသည့် "တရားဝင်"လူမျိုး ၁၃၅မျိုး၏ အငြင်းပွားဖွယ်ရာစာရင်းနှင့်ပတ်သက်သည့် ဝေဖန်မှုများ အမျိုးမျိုးရှိခဲ့ပါသည်။ တိုင်းရင်းသားလူမျိုးစုအရေအတွက်သည် ဒေသသုံးဘာသာစကားများ၊ သရုပ်လက္ခဏာကွဲပြားချက်များ သို့မဟုတ် အမျိုးအစားခွဲခြားမှုများမှ ဒေသအတွင်းမှသူများနားမလည်မသိရှိနိုင်သဖြင့် ရှုပ်ထွေးနေကြဟန်ရှိပါသည်။ ဥပမာတစ်ခုပေးရန်လျှင် အဓိက လူမျိုးစုဖြစ်သည့် ချင်းလူမျိုးများအပြင် လူမျိုးကွဲ ၅၂ ခုကိုလည်း စာရင်းထဲတွင် သီးခြားထည့်သွင်းထားပါသည်။ တိုင်းရင်းသား လူမျိုးစု များ၏ မျှော်မှန်းချက်များနှင့် နိုင်ငံရေးမြေပုံနှင့် ကိုက်ညီမှုမရှိသည်ကိုလည်း တွေ့ရှိရပါသည်။ သန်းခေါင်စာရင်းတွင် မိမိတို့လူမျိုးစုကို ဖေါ်ပြချက်သည် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်အတွက် မိမိလူမျိုးကိုဖေါ်ပြချက်နှင့်ကွဲပြားနိုင်ပါသည်။ အဘယ့်ကြောင့် ဆိုသော် လူမျိုးကွဲ ၅၂ မျိုးအနေဖြင့် "လူမျိုးစု"နေရာတစ်ခုမရရှိနိုင်သဖြင့် သူတို့ကိုသူတို့ "ချင်းလူမျိုး"အဖြစ်ဖြင့်ပင် ဖေါ်ပြနိုင်ပါသည်။

ကချင်လူမျိုးကဲ့သို့သော အဓိကလူမျိုးစုများနှင့် ကချင်လူမျိုးစုငယ်များအဖြစ် သန်းခေါင်စာရင်းတွင် ဖေါ်ပြထားသည့် လူမျိုးငယ်များဖြစ် သည့် လီဆူးနှင့် ရဝမ်ကဲ့သို့သောလူမျိုးများကိုလည်း "လူမျိုးစု" မဲဆန္ဒနယ် ၂၉ နေရာအတွက် ထည့်သွင်းထားပါသည်။ လူမျိုးစု အုပ်စုများ အတွက် အမှတ် ၂၄ (n.24) ကို ကြည့်ပါ။

[၄၉] ဥပမာ - ICG ၏ "Myanmar: The Politics of Rakhine State"၊ Lawi Weng ၏ "Wirathu Joins Arakanese Protest Against Census", ဧရာဝတီ၊ ၂၀၁၄ မတ်လ ၁၇ရက် ၊ "Myanmar nullifies temporary ID cards after nationalist protest", AFP, 11 February 2015၊ ICG ၏ "Myanmar's Electoral Landscape", Asia Report No. 266, 28 April 2015 စာမျက်နှာ ၁၄ တို့တွင် ကြည့်ပါ။

[၅၀] ယင်းတို့မှာ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ၊ ဒီမိုကရေစီနှင့် လူ့ အခွင့်အရေးပါတီ (အားလုံးသည် ရိုဟင်ဂျာပါတီများဖြစ်ပါသည်။) ကမန်အမျိုးသားတိုးတက်ရေးပါတီ၊ အမျိုးသားကြီးပွားတိုးတက်ရေး ပါတီ၊ စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီတို့ဖြစ်ပါသည်။

[၅၁] TNI ၏ တွေ့ဆုံမေးမြန်းချက်၊ ၂၀၁၅ခုနှစ် ဧပြီလ ၈ရက်နေ့

[၅၂] ယင်းတို့မှာ အာရကန် ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရခိုင်အမျိုးသားများ ဒီမိုကရက်တစ်ပါတီတို့ အသီးသီးဖြစ်ကြပါသည်။

[၅၃] ၂၀၁၅ ခုနှစ် ဇွန်လ ၂၆ ရက် DVB "SNDP withdraws from Shan constituency to avoid vote-split" နှင့် မြန်မာတိုင်းမ်စ် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့ထုတ် "SNLD to field 160 candidates", Myanmar Times, 21 July 2015၊ n.37 ကိုလည်း ကြည့်ပါ။

[၅၄] ၂၀၁၅ ခုနှစ် ဇွန်လ ၂၉ ရက်နေ့ထုတ် ဧရာဝတီ၏ "Mon advocacy group urges cross-party collaboration" နှင့် မြန်မာတိုင်း(မ်)စ်၊ ဇူလိုင်လ ၂၁ရက် ၂၀၁၅ "Chin parties agree to hash out a plan for electoral cooperation"

[၅၅] Independent Mon News Agency, ၁၇ ရက် ဩဂုတ်လ ၂၀၁၅ ခုနှစ် ၏ "Ye township Mon advocacy group formed to help election candidates"

[၅၆] မဲအလဲအလှယ်ပြုလုပ်ခြင်းဆိုသည်မှာ တစ်မဲသာအနိုင်ရရွေးကောက်ပွဲစနစ်တွင် မဲဆန္ဒနယ်မြေတစ်ခုတွင် ရှုံးနိမ့်ရန် အလားအလာရှိ သည့် ပါတီ "က" ၏ ထောက်ခံသူများက ပါတီ "ခ"ကို မဲပေးခြင်းဖြစ်သည်။ ထိုသို့မဲပေးခြင်းသည် ပါတီ "ခ" ကို ထောက်ခံသူများကလည်း ပါတီ "က" နိုင်ချေရှိသည့် မဲဆန္ဒနယ်များတွင် ပါတီ "က" ကို မဲပေးလိမ့်မည်ဟူသော နားလည်မှုဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် မိမိတို့ နှစ်ဦးစလုံး မနှစ်သက်သည့် ပါတီ "ဂ"ကို မဲဆန္ဒနယ်မြေ ၂ခုစလုံးတွင် အနိုင်မရရှိရန် ပြုလုပ်နိုင်မည် ဖြစ်သည်။

[၅၇] မြန်မာတိုင်း(မ်)စ်၊ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၂ ရက် "Ethnic political parties seek alliance with NLD" မြန်မာတိုင်း(မ်)စ်၊ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၃ ရက် "NLD snubs prominent politicians, activists – and ethnic alliance offer" NLD မှ ကာလကြာမြင့်စွာ မဟာမိတ်ဖွဲ့ခဲ့သည့် SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး၊ ရခိုင် (အာရကန်) အမျိုးသားပါတီ နာယက ဦးအေးသာအောင်နှင့် ဖိုမီဒီမိုကရေစီအဖွဲ့ ချုပ်ပါတီ ဥက္ကဋ္ဌ ဦးပူကျင်ရှင့်ထန် တို့၏နေရာများတွင် မယှဉ်ပြိုင်ဟုပြောကြားခဲ့ပါသည်။ သို့ရာတွင် ဦးခွန်ထွန်းဦးက ရွေးကောက်ပွဲတွင် ဝင်ရောက်မယှဉ်ပြိုင်ချေ။

ဦးအေးသာအောင်ယှဉ်ပြိုင်မည့်နယ်မြေအတွက် NLD မှ ကိုယ်စားလှယ်လောင်းထည့်သွင်းခဲ့သဖြင့် ဦးပူကျင်ရှင့်ထန်တစ်နေရာအတွက်သာ ဝင်ရောက်မယှဉ်ပြိုင်တော့သည့် အခြေအနေမျိုး ဖြစ်ခဲ့ပါသည်။ မြန်မာတိုင်း(မ်)စ်၊ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၇ ရက် "Ethnic party angered by NLD's broken promises on seat-sharing" ကိုကြည့်ပါ။

[၅၈] မင်းဇင်ရေးသားခဲ့သည့် Foreign Policy၊ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၈ရက်နေ့ "Is Burma's Opposition Ready for the Post-Aung San Suu Kyi Era?"

[၅၉] International Management Group၊ 2015 Marie Lall နှင့် အဖွဲ့၏ "Myanmar's ethnic parties and the 2015 elections" ကိုကြည့်ပါ။
[၆၀] ဧရာဝတီ၊ ၂၀၁၅ ဇူလိုင်လ ၂၂ ရက်နေ့ ထုတ် "Ethnic bloc seeks powerbroker role in next parliament"
[၆၁] ဧရာဝတီ၊ ၂၀၁၅ ဩဂုတ်လ ၂၂ ရက်နေ့ ထုတ် "Senior SNLD leaders to forgo shot at parliament"